မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၇ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသနာ့မဟာဗိမာန်တော်အတွင်း သီတင်းသုံးစံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ***စာမျက်နှာ ၈ ကော်လံ ၁ ****

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၇ ရက်)

သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းဆောင်ရွက် မြေသယံဇာတများ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။

"ရတနာသစ်တော ပြည့်သွေးကြော" ဟူသော သစ်တောရေးရာဆောင်ပုဒ်အရ နိုင်ငံ၏ရေမြေသယံဇာတများကို တန်ဖိုးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် အစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အထူးကျွန်းစိုက်ခင်းစီမံကိန်းများ၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေးစီမံကိန်း၊ ရေဝေရေလဲဒေသစီမံကိန်း စသည်ဖြင့် အထူးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ထားခြင်း၊ ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင်အခြေအနေကောင်းမွန်သည်နှင့်အမျှ မြေပြိုတိုက်စားမှုကို ကာကွယ်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်း၊ ရှုခင်းသာယာလှပခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ရေဝေရေလဲထိန်းသိမ်းနိုင်ခြင်းနှင့် လေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ရေမြေနှင့် သဘာဝဝန်းကျင်ပျက်စီးခြင်းမှ လျော့ပါးစေရန်၊ အပူပိုင်းဒေသ ကျေးလက်ပြည်သူများ၏ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိမ်းလန်းစိုပြည်လာခြင်းဖြင့် သဘာဝဝန်းကျင်၏အခြေအနေအား တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ သစ်တောများပြုစုထိန်းသိမ်းခြင်းနှင့် သစ်တောသယံဇာတများအသုံးပြုရေး၌ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေဘဲ အသုံးချ စီမံဆောင်ရွက်သွားရာ၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ အမျိုးသားတာဝန်အဖြစ် ဝိုင်းဝန်းလက်တွဲ ပါဝင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၆

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက် ၆၈၊ အခန်း(၄) ဆရာကြီး ဦးထွန်း၏ နေအိမ်နှင့်မျက်နှာချင်းဆိုင်ရှိ သာသနာ့ဟိတကာရီမွှာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

ဖိတ်ကြားနိုးဆော်

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို မတ် ၁၂ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ နာယက ဦးထွန်း ဖုန်း-၃၈၇၅၃၄၊ အတွင်းရေးမှူး ဦးသွေးမြင့် ဖုန်း-၅၈၀၆၁၈၊ ဒုတိယဥက္ကဋ္ဌ ဦးကြိုင်အေး ဖုန်း-၇၂၀၁၇၂ နှင့် စည်းရုံးရေးမှူး ဒေါ်ခင်လေးမြင့် ဖုန်း-၆၅၃၆၆၀၊ လိုင်းခွဲ-၈၆၀၉ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့နိုင်ပြီး အသင်းဝင်သူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ပေါက်ခေါင်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ပန်းတနော်မြို့နယ်၌ ကျင်းပ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မတ် ၂ရက်က ဧရာဝတီတိုင်း ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက လုံခြုံစိတ်ချမိခင်ဘဝအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က လူကုန်ကူးမှု ကာကွယ်တားဆီးရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေး

ထို့နောက် အထွေထွေရောဂါအထူးကုအဖွဲ့၊ ခွဲစိတ်အထူးကုအဖွဲ့၊ သားဖွားနှင့်မီးယပ်အထူးကုအဖွဲ့၊ မျက်စိအထူးကုအဖွဲ့၊ အရေပြားရောဂါအထူးကုအဖွဲ့၊ အရိုး၊ အကြော၊ အဆစ်ရောဂါအထူးကုအဖွဲ့နှင့် ကလေးရောဂါအထူးကုအဖွဲ့များက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄စုတို့မှ လူနာပေါင်း ၁၂၁၂ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ကျင်းပရာ Grade 5(B) မှ မောင်ခန့်မင်းထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၃)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၂၇)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၂၅	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	စကားပြောသော နွယ်မြက်သစ်ပင်
၄:၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေး တေးကဗျာ
၆:၂၅	၁၂။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၆၀)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၂)

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့် ဆရာစံပလာဇာတွင် မတ် ၅ရက်က ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ခင်းကျင်းပြသနိုင်ရေးအတွက် ပြသခွင့်လက်မှတ် ပေးအပ်ပွဲကျင်းပရာ ပြသခွင့်လက်မှတ်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် (အတွင်းရေးမှူး၊ ပြပွဲပြသခွင့်စိစစ်ရေးအဖွဲ့)က ဗဟိုသမဝါယမအသင်းလီမိတက် အထွေထွေမန်နေဂျာ ဦးကိုကို **(အပေါ်ပုံ)**သို့ ပေးအပ်သည်။

ပြသထားမည်

ပြပွဲတွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ရသော သက်တမ်း ၁၀၀ကျော် ကုက္ကိုပင်ကြီးများအား မူရင်းပုံစံ အရွယ်အစားပေါ်မူတည်၍ ထုလုပ်ထားသော မြန်မာ့ယဉ်ကျေးမှုကို ထင်ဟပ်စေသည့် ရုပ်တုပေါင်း ၄၀၀ကျော်၊ တရုတ်ရိုးရာယဉ်ကျေးမှုပုံဖော် ပန်းပုလက်ရာ ၁၃၀ ကျော်၊ ခေတ်သစ်(မော်ဒန်)လက်ရာ အရုပ်ပေါင်း ၄၀ကျော်၊ အနောက်တိုင်းဟန် ပန်းပုရုပ်ပေါင်း ၃၀ကျော် အရွယ်အစားမျိုးစုံ ၆၀၀ကျော်နှင့် ယနေ့နာမည်ကြီး ပန်းချီဆရာကြီးများ၏ မြန်မာ့ယဉ်ကျေးမှုဓလေ့ကို ထင်ဟပ်စေသော ပန်းချီကားပေါင်း ၆၈ကားတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပြသထားမည်ဖြစ်သည်။

ပြပွဲကာလမှာ မတ်လမှဧပြီလကုန်အထိ(တစ်လတိတိ) နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်သည်။

ဈေးပြိုင်စနစ်

ပန်းပုရုပ်ကြီးများမှာ လက်ရာမြောက်လှပြီး နောင်တစ်ချိန်တွင် မည်သို့မျှ ဝယ်ယူစုဆောင်း၍ မရနိုင်သော ပန်းပုရုပ်များဖြစ်ရာ ပြည်တွင်း၌ဝယ်ယူသူတို့အတွက် အဆင်ပြေသော ဈေးနှုန်းများဖြင့်လည်းကောင်း၊ တန်ဖိုးသတ်မှတ်ရန် ခက်ခဲသော ရုပ်တုများအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၆၄)

ဟားခါးမြို့၌ သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်

ဟားခါး မတ် ၆

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ရက်က မြို့တွင်းလမ်းဘေးဝဲယာ ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် မြေထိန်းနံရံများ အလှဆေးသုတ်ခြင်းလုပ်ငန်းများကို ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှင်းနဲမ်က ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတမ်အောင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၆

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ဆဋ္ဌမနေ့ဖြစ်သော မတ်၅ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်း အနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ **မိုးမင်း** မဟာရန်ကုန်စံပြသဘင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း **တောင်တမန်သစ္စာ** နှင့် **အမေနှင့်သမီးများ** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၆၅၀၀ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

သစ်လွင်အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မန္တလေးမြို့ သစ်လွင်အငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြသဖျော်ဖြေ

သတ္တမနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမြို့ **သစ်လွင်**အငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ပန်းပျိုးသူတို့အလကော်** နှင့် **မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေကြပြီး အဋ္ဌမနေ့အဖြစ် မတ်၇ရက် ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမြို့ **သစ်လွင်**အငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ချစ်ခြင်းဖွဲ့မေတ္တာ** နှင့် **မျက်နှာများတဲ့ ကောင်းကင်** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေမည်ဖြစ်သည်။

(သတင်းစဉ်)

ပျော်ရွှင်စွာ ဆင်နွှဲ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ်ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။ (သတင်းစဉ်)

7-3 (03).pmd 1 3/7/2009, 1:21 AM

ကုန်သွယ်မှုဆိုင်ရာ အကျိုးတူပူးပေါင်းမှုကဏ္ဍ တောင်ကိုရီးယားနှင့်သြစတြေးလျနိုင်ငံတို့ မြှင့်တင်ဆောင်ရွက်

ဆစ်ဒနီ မတ် ၆

တောင်ကိုရီးယားနှင့် သြစတြေးလျနှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာကဏ္ဍ အကျိုးတူပူးပေါင်းမှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် သြစတြေးလျလုပ်ငန်းရှင်များ တောင်ကိုရီးယားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံကြရန် မတ် ၄ရက်က တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်က အားပေးတိုက်တွန်းလိုက်သည်။

တောင်ကိုရီးယားနိုင်ငံသည် သြစတြေးလျ၏ စတုတ္ထအကြီးဆုံးဈေးကွက်ဖြစ်ပြီး တောင်ကိုရီးယား၌ သြစတြေးလျ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ယခင်နှစ်ကထက် ၄၀ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိသည်။

တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း ရာသီဥတုပြောင်းလဲမှု ကိုင်တွယ်ရေးကို ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားရှိကြောင်း သမ္မတအီမြောင်ဘက်ကပြောဆိုသည်။ သြစတြေးလျနိုင်ငံနှင့်ဂျပန်နိုင်ငံတို့နည်းတူ တောင်ကိုရီးယားနှင့် သြစတြေးလျတို့ လုံခြုံရေးပူးပေါင်းဆောင် ရွက်ရေး သဘောတူညီမှု ရရှိမည်ဟု သမ္မတ အီမြောင်ဘက်က မျှော်လင့်သည်ဟု ဆို၏။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

အော့တဝါ မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးကင်းလှည့်နေသည့် ကနေဒါတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် သံချပ်ကာယာဉ်တစ်စီး လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲမှုကြောင့် ကနေဒါတပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားခဲ့ကြောင်း ကနေဒါစစ်ဘက်က မတ် ၅ ရက်၌ သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ကန်ဒါဟာပြည်နယ် အနောက်မြောက်ပိုင်းတွင် မတ် ၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကနေဒါတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အမျိုးသားလုံခြုံရေးဌာနက သတင်းထုတ်ပြန်သည်။

တပ်ဖြန့်ချထား

ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးဝါးကုသမှုခံယူနိုင်ရန် ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားခဲ့သည်။ တိုက်ခိုက်မှု ဖြစ်ပွားရာ အများဆုံးဖြစ်သည့် ကန်ဒါဟာပြည်နယ်တွင် ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ ကိုတပ်ဖြန့်ချထားလျက်ရှိသည်။ ယခုသေဆုံးသော တပ်ဖွဲ့ဝင် သုံးဦး အပါအဝင် အာဖဂန်နစ္စတန်၌ သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၁၁ ဦးရှိသွားပြီဖြစ်သည်။

(အင်တာနက်)

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် တရုတ်ကုန်စုံဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို မတ် ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဒေါ်လာ ၁၇ သန်းတန်ဖိုးရှိ ငွေစက္ကူအတုများ တရုတ်ရဲတပ်ဖွဲ့က သိမ်းဆည်းရမိ

ပေကျင်း မတ် ၆

တရုတ်ရဲတပ်ဖွဲ့က ငွေစက္ကူအတုလုပ်ငန်း တိုက်ဖျက်ရေးလှုပ်ရှားမှု စတင်ပြုလုပ်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က ယွမ်၁၁၈သန်း (အမေရိကန်ဒေါ်လာ ၁၇သန်း)တန်ဖိုးရှိ အတုပြုလုပ်ထားသည့် ငွေစက္ကူများ သိမ်းဆည်းခဲ့ကြောင်း ချိုင်းနားဒေလီနေ့စဉ်သတင်းစာက မတ် ၅ ရက်တွင် ရေးသားဖော်ပြသည်။

ဇန်နဝါရီလနောက်ပိုင်း ငွေစက္ကူအတုလုပ်ငန်းတိုက်ဖျက်ရေး စတင်ဆောင်ရွက်ခဲ့ပြီးနောက် ငွေစက္ကူအတုပြုလုပ်သည့် မှုခင်း ၁၃၀ကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီး ၃၁၂ ဦးအား ဖမ်းဆီးခဲ့သည်ဟု ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး လီယူကျင်ကျူယို၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

စေလွှတ်ခဲ့

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ငွေစက္ကူအတုလုပ်ငန်းဆိုင်ရာ ကြိုးပမ်းမှုများကို အလေးထား ဆောင်ရွက်ခဲ့သလို ဟောင်ကောင်နှင့် မကာအိုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အဖွဲ့များကို ရှန်ဇန်းနှင့် ကျူဟိုင်းသို့ စေလွှတ်ခဲ့သည်ဟု လီယူကျင်က ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

အီရန်ရှိ ဘူရှာနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ နွေရာသီ၌ ပထမအဆင့် စတင်လည်ပတ်မည်

တီဟီရန် မတ် ၆

နွေရာသီ၌ ဘူရှာနျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ပထမအဆင့် စက်လည်ပတ်မှု လုပ်ငန်းများကို စတင်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုတာကီက မတ် ၅ ရက်တွင်ပြောကြားသည်ဟု အီရန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အကောင်းဆုံးလုပ်ဆောင်

ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းအား အတားအဆီးများကြားမှပင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီရန်နျူကလီးယား စွမ်းအင်အဖွဲ့အစည်းများအနေဖြင့် အပြီးသတ်အထိအောင်မြင်အောင် အကောင်းဆုံးလုပ်ဆောင်လျက်ရှိကြောင်း အီရန်သတင်းအေဂျင်စီမှ မိုတာကီ၏ ပြောကြားချက်ကို ကိုးကား၍ရေးသားဖော်ပြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ဟမ်ဇာမြို့ရှိ ဈေးအနီး၌ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၅ရက်က တွေ့ရစဉ်။ (ယင်းကားဗုံးပေါက်ကွဲမှုကြောင့် ၁၂ ဦး သေဆုံးပြီး ၄၀ ကျော်ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ပါရီဖက်ရှင်ပြပွဲ

ပြင်သစ်နိုင်ငံပါရီမြို့တွင် ကျင်းပလျက်ရှိသည့် ပါရီဖက်ရှင်ပြပွဲတွင် ဂျပန်ဒီဇိုင်းပညာရှင် ဟီရိုကိုကိုရှီနိုတီထွင်ဖန်တီးထားသည့် ဝတ်စုံအား ဝတ်ဆင်ထားသည့် အလှမယ်တစ်ဦး ပါဝင်ပြသသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



တောင်ကိုရီးယား၏ လွတ်လပ်သောကုန်သွယ်ရေးဇုန်၌ ဒေါ်လာသုံးဘီလီယံ ဂျပန်ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမည်

ဆိုးလ် မတ် ၆

ဂျပန်နိုင်ငံမှ ပုဂ္ဂလိကစတော့ရှယ်ယာ ကုမ္ပဏီတစ်ခုက တောင်ကိုရီးယားနိုင်ငံအနောက်ပိုင်းရှိ အင်ချီယွန်ဆိပ်ကမ်းမြို့မှ လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်း အစိုးရကုန်သွယ်ရေးဌာနက မတ် ၄ ရက်တွင် ပြောကြားသည်။

ယင်းကုမ္ပဏီသည် ပစ္စည်းဥစ္စာ အထူးရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် ဗာနာဝါးလ်အမည်ရှိ ကုမ္ပဏီဖြစ်ပြီး တောင်ကိုရီးယားကုန်သွယ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် စီစဉ်နေသည်ဟု ကိုရီးယားယွန်ဟပ်သတင်းဌာနက ပြောကြားသည်။ ဗာနာဝါးလ်ကုမ္ပဏီက တောင်ကိုရီးယားတွင် ရင်းနှီးမြှုပ်နှံမည့်ငွေသည် အမေရိကန်ဒေါ်လာ သုံးဘီလီယံဖြစ်သည်ဟု ဖော်ပြပါအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားသည်။

စတင်တည်ထောင်

တောင်ကိုရီးယားအစိုးရက လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်စီမံကိန်းကို အင်ချီယွန်မြို့တွင် ၂၀၀၅ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး ယင်းဇုန်ကို နယူးဆွန်ဒိုမြို့ဟု ခေါ်တွင်ခဲ့သည်။

အဆိုပါ စီမံကိန်းကို အိမ်နီးချင်း တရုတ်နိုင်ငံ၏ ဈေးကွက်နည်းတူ ဆောင်ရွက်နိုင်ရန်အတွက်နှင့် စီးပွားရေးဇုန်များ တည်ဆောက်ရန် ရည်ရွယ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေဆင်ဟွာ**

သတင်းစာဆရာတစ်ဦး ကာဂျစ္စတန်၌ ဓားထိုးခံရ

ဘစ်ရှ်ကက် မတ် ၆

မည်သူမှန်းမသိရသော ကိုယ်ထိလက်ရောက်တိုက်ခိုက်သူများက ကာဂျစ္စတန်နိုင်ငံသား သတင်းစာဆရာတစ်ဦးအား သတင်းစာတိုက်ခန်းမ အပြင်ဘက်တွင် တိုက်ခိုက်ပြီး ဓားဖြင့်အကြိမ်ကြိမ် ထိုးကြောင်း ၎င်း၏ဖခင်နှင့် အယ်ဒီတာတို့က မတ် ၅ရက်၌ ပြောကြားသည်။

တည်ငြိမ်

၎င်းသတင်းစာဆရာသည် အသက် ၄၇နှစ်ရှိ ဆိုင်ဂက်အက်ဒီဒါယက်ဆိုသူဖြစ်သည်။ ၎င်းသည် အတိုက်အခံအက်တာမီကင်ပါတီမှဖြစ်ပြီး ဓားဒဏ်ရာများရရှိကာ ဆေးရုံသို့ မတ် ၄ ရက်တွင် တက်ရောက်ခဲ့သည်။ ၎င်း၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်တည်ငြိမ်သည်ဟု သိရသည်။

ရှားပါး

ယင်းနိုင်ငံတွင် သတင်းစာဆရာများအား အကြမ်းဖက်တိုက်ခိုက်မှုသည် ရှားပါးသည့်ဖြစ်ရပ် ဖြစ်သည်။

အမ်အင်န်အေရိုက်တာ

ကိုလံဘီယာ၌ ရဟတ်ယာဉ်ပျက်ကျ လေးဦးသေဆုံး

ဘိုဂိုတာ မတ် ၆

ကိုလံဘီယာနိုင်ငံတောင်ပိုင်း ပူတူမာရိုဒေသ၌ မတ် ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ လေးဦး သေဆုံးကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

စုံစမ်းစစ်ဆေး

၎င်းရဟတ်ယာဉ်သည် ပူတူမာရိုဒေသရှိ မူးယစ်နှိမ်နင်းရေးအခြေစိုက်စခန်းမှ အီကွေဒေါနှင့် ပီရူးနယ်ခြားဒေသအနီးသို့ ထွက်ခွာသွားစဉ် ဂရင်းဖွန်တောင်ကြားဒေသမှ ကီလိုမီတာ ၁၀ခန့်၌ ယင်းနေ့ နံနက်ပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မူးယစ်နှိမ်နင်းရေးတပ်ဖွဲ့မှ တပ်မှူးက ပြောကြားသည်။ အဆိုပါဖြစ်ပွားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သေဆုံးသူများတွင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် လက်နက်ကြီးတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးလည်းပါဝင်သည်။ (အင်တာနက်)

MAY Int'l School 2008-09 Scholarship သင်တန်းဆင်းပွဲနှင့် Summer School 2009 ကျောင်းအပ်နှံနေ့

ရန်ကုန် မတ် ၆

MAY Int'l School တည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Cambridge Exam Preparation Course Scholarship စာမေးပွဲ၂၀၀၈-၀၉ ကို မြို့နယ်အလိုက် ဝင်ရောက် ဖြေဆိုသူ ၂၀၀၀ ကျော်အနက် Scholarship ရရှိသူ ၂၀၀ခန့်၏ (Starters, Movers, Flyers, KET, PET, နှင့် TKT) သင်တန်းပြီးဆုံး အောင်မြင်ခြင်းအခမ်းအနားနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ရက်တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel, Ball Room ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် MAY Int'l School ၏ Director တစ်ဦးဖြစ်သည့် Mr.Brenton Mueller က 2009 Summer School တွင် သင်ကြားမည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး မတ် ၁၀ရက်ကို MAY Int'l Summer School နောက်ဆုံး ကျောင်းအပ်နှံနေ့ အဖြစ် သတ်မှတ်ထားရာ လက်ကျန်ခုံနေရာများအတွက် အဆိုပါနေ့ အဆိုပါ Hotel ၌ ကျောင်းအပ်နှံပါက ၅၀ရာခိုင်နှုန်းမှ ၇၅ရာခိုင်နှုန်း အထိ ကျောင်းလခကင်းလွတ်ခွင့် ပေးသွားမည်ဖြစ်သည်။

MAY Int'l School ၏ နွေရာသီသင်တန်းများကို မတ်လမှ မေလအတွင်း Cambridge Exam Preparation Course များအပြင် TOEFL, IELTS, SAT, GCE, LCCI, MYOB, GMAT, GRE သင်တန်းများကိုပါ ဖွင့်လှစ်ပေးမည်ဖြစ်ရာ အသေးစိတ်ကို MAY Int'l School ၉၁ A ဗညားဒလလမ်း (တာမွေလမ်း) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၄၂၂၄၊ ၀၁-၅၄၅၃၇၅ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၆

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန် စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မြေလတ်မင်းလွင်ရေးသားသည့် ကံကောင်းခြင်း လက်ဆောင်နှင့် အခြားဝတ္ထုတိုများစာအုပ်ကို စာအုပ်အသင်း၏ (၄၅)အုပ်မြောက်စာအုပ် အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များ သည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁တို့သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျော်ဘွယ်မြို့ မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံ မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းသည် နယ်မြေခံ အရန်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဇော်မိုးနှင့် သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၂ရက်က ပျော်ဘွယ်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ချည်မျှင်နှင့် အထည်အလိပ် စက်ရုံ၌ ဆီမီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁ရက်က မြို့နယ်အနေးယာဉ် အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားစဉ်။ (၁၁၃)

Singapore Human Resource Institute (SHRI)နှင့် STI တို့ အကျိုးတူပူးပေါင်းမည်

LONDON TEACHER TRAINING COLLEGE STI Education SHRI

ရန်ကုန် မတ် ၆

Singapore Human Resource Institute (SHRI)ကို ၁၉၆၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ အထင်ကရကျောင်းကြီးဖြစ်သည်။ SHRI သည် Asia Pacific Federation of Human Resource Management, World Federation of Personnel Management Associationတို့၏ အဖွဲ့ဝင်ကျောင်းကြီးတစ်ခုဖြစ်သည်။ SHRI ကျောင်းကြီးကို အဓိကအားဖြင့် ကျောင်းသုံးကျောင်းဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့မှာ SHRI School of School of Human Capital Management, SHRI School of Finance Services & Risk Management နှင့် SHRI School of Business တို့ဖြစ်ကြသည်။ ယင်းကျောင်းများရှိ သင်တန်းအသီးသီးကို Certificate မှ မဟာသိပ္ပံဘွဲ့အထိ Curtin University, Macquarie University (Sydney) တို့နှင့် ပူးပေါင်း၍ သင်ကြားပို့ချလျက်ရှိသည်။

ယခုအခါ SHRIနှင့် STIEducation တို့သည် "Exclusivity"ကို အခြေခံသည့် မြန်မာပြည်ဆိုင်ရာ တစ်ဦးတည်း မိတ်ဖက်ကျောင်းအဖြစ် Human Capital နှင့် သက်ဆိုင်သည့် သင်တန်းများအတွက် အကျိုးတူ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် ဒီပလိုမာ (သို့မဟုတ်) ဘွဲ့တစ်ခုခု ရရှိပြီးသူများနှင့် သင့်လျော်သည့် Postgraduate Diploma သင်တန်းများ ဖြစ်သည်။ ယင်းတို့မှာ Diploma in Business & Human Resource Management (DBHRM) တစ်နှစ်၊ Post Graduate Diploma in GlobalBusiness Administration (PGDGBA) တစ်နှစ်၊ Post Graduate Diploma in Human Resources Management (PGDHRM) လေးလ၊ Post Graduate Diploma in Training and Development (PGDTD) လေးလ၊ Post Graduate Diploma Talent in Management (PGDTM) လေးလတို့ ဖြစ်သည်။

အဆိုပါသင်တန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကိုမတ် ၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် Traders Hotel၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ (သို့မဟုတ်) ဒီပလိုမာတစ်ခုခုရရှိပြီးသူများနှင့် လက်ရှိ လုပ်ငန်းခွင်ဝင်ရောက်နေသူများ STI ၌ စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နိုင်သည်။

ထို့အပြင် CEO, CFO, CJO, COO, Director, Managing partner များ၊ middle-level manager များနှင့် entry-level manager များ အတွက် Human Capital Management နှင့်ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူများ STI ၌ စာရင်းပေးသွင်းနိုင်သည်။

ထို့နောက် London Teacher Trining College မှ Professor Dr. Christopher က Public Speaking ဆွေးနွေးပွဲကိုလည်းကောင်း၊ How to become a good Teacher ကိုလည်းကောင်း ဦးဆောင်ဆွေးနွေးမည်ဖြစ်ရာ အဆိုပါ LTTC နှင့် တွဲဖက်ကျင်းပသည့် Workshop သို့ STI alumini များစိတ်ပါဝင်စားသူများ STI၌စာရင်းပေးသွင်း၍ Treaders Hotel၌မတ်၁၄ရက်(စနေနေ့) နံနက်၁၀နာရီတွင် အခမဲ့တက်ရောက်နိုင်သည်။

STI သင်တန်းကျောင်း မြန်မာအင်ဖို့တက်ခ် အဆောင်(၄) အခန်း (၇)၌ လည်းကောင်း၊ အမှတ် ၃၇၇ ရွှေဘုံသာလမ်း(အထက်)၌ လည်းကောင်း တည်ရှိပြီး ဖုန်း-၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၂၅၀၀၅၆နှင့် ၇၀၀၂၇၃ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အများကြိုက်မည့် အများနှင့်မသက်ဆိုင်သောသူ ရုံတင်ပြီ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မတ် ၆

မင်းလူ၏ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးပြီး ညီညီထွန်းလွင် ရိုက်ကူးသည့် အများနှင့် မသက်ဆိုင်သောသူ ဇာတ်ကားမှာ ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

ရန်ကုန်က သူဌေးတွေ ခြင်းဖုန်းကိုင်သလို ခြင်းဖုန်းကိုင်တဲ့ တောသူဌေး လူပျိုကြီး ဝင်းမောင်အဖြစ် ရန်အောင်၊ မိန်းမနဲ့ ညီလေးအပေါ် သံယောဇဉ်ကြီးတဲ့ ကားဒရိုင်ဘာ ချစ်မူးအဖြစ် ရဲအောင်၊ ငါ့မောင်ရယ် မင်းက ဘယ်တော့မှငရဲကြီး မယ့်ကလေးမဟုတ်ပါဘူးကွယ်လို့ပြောတဲ့ မုဆိုးမလေး မြလွင်အဖြစ် ထွန်းအိန္ဒြာဗို၊ ချစ်ရှူးကို ပေါ့သေးသေးလို့တော့ မမှတ် လိုက်ကြနဲ့ ကျပ်မပြည့်ပေမယ့် ၁၅ပဲရည် အပြည့်ရှိတယ်ဆိုတဲ့ အူကြောင်ကြောင် ကျပ်မပြည့်တဲ့ ချစ်ရှူးအဖြစ် ခန့်စည်သူတို့ အဓိက ပါဝင်ထားသည်။

ကျပ်မပြည့်သည့် ချစ်ရှူးသည် သနား စရာလည်းကောင်းသည်၊ ရယ်စရာလည်း ကောင်းသည်။ သို့သော် မဟုတ်လျှင်မခံ၊ တရားသဖြင့် သဘာဝကျကျ လောကကို ရှုမြင်တတ်သူမို့ **အများနှင့် မသက်ဆိုင်သောသူ** ဖြစ်လာသည်။ အများနှင့်မသက်ဆိုင်သော ချစ်ရှူးသည် မည်သူနှင့် သက်ဆိုင်သနည်း၊ အစ်ကိုနှင့်လား၊ မရီးနှင့်လား၊ တူမလေးသဲသဲချစ်နှင့်လား ဆက်လက်ရှုစားကြရပါဦးမည်။



Slumdog Millionaire ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အော်စကာဆုရဇာတ်ကားများပြသ

ရွှေဆောင်ရုံတွင် ၂၀၀၈ခုနှစ်အတွက် အော်စကာနှစ်ဆုရ ဇာတ်ကား Batmam (The Dark knight) တစ်ကျော့ပြန် ရုံဝင်လာပြီး ၂၀၀၈ခုနှစ်အတွက် အော်စကာ ရှစ်ဆုရဇာတ်ကား Slumdog Millionaire မှာ နေပြည်တော်ရုံတွင် ဒုတိယပတ်မြောက် အောင်ပွဲခံလျက်ရှိသည်။ အမှီခို အတွယ်တာကင်းမဲ့သော အခြေမဲ့အနေမဲ့ ကလေးတို့ဘဝကို အပီပြင် ဆုံးရိုက်ကူးထားသည်။ ဘဝပျက်သော်လည်း စိတ်ဓာတ်မပျက်ဘဲ ရန်းကန်ကြိုးစားရင်း မီလျံနာသူဌေးလေး ဖြစ်သွားသူ လူငယ်လေးတစ်ဦး၏ ဘဝ အားမာန်ကို ဖော်ကျူးထားသော ဇာတ်ကား ကောင်းတစ်ကားဖြစ်သည်။ ၂၀၀၈ခုနှစ် အတွက် ဆွတ်ခူးရရှိထားသော အော်စကာ ပူပူနွေးနွေး ရှစ်ဆုချိတ်ထားသော ဇာတ်ကား ဖြစ်သည်။

အများနှင့် မသက်ဆိုင်သောသူ ဇာတ်ကားမှ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုနှင့် ရန်အောင်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် Don No.1 ရုံဝင်လာသည်။ ထောင်ပြေးတစ်ဦးက လက်စားချေသဖြင့်မိဘများသေဆုံးကာ အထီးကျန်ဘဝဖြင့် မတရားမှုမှန်သမျှကို ချေမှုန်းနေသော ရဲအရာရှိ၏သား လူငယ်တစ်ဦး အကြောင်းရိုက်ကူးထားသော အက်ရှင်ဇာတ်ကား ဖြစ်သည်။ ဘုရင့်ရုံတွင်လည်း အိန္ဒိယ နာမည်ကြီးမင်းသား ရှာရွတ်ခန် ခေါင်းဆောင် ပါဝင်ထားသော Don ဇာတ်ကား ရုံဝင်လာသည်။ ရဲနှင့် ရာဇဝင်လူဆိုးတို့၏ အလှည့်အပတ်၊ အရှောင်အတိမ်းကို အကွက်စေ့စေ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

MCC တွင် စရိတ်သက်သာစွာ ပညာသင်နိုင်မည့် အစီအစဉ်

ရန်ကုန် မတ် ၆

MCC Group သည် စရိတ်သက်သာစွာ ပညာသင်ယူနိုင်မည့် အစီအစဉ်ဖြစ်သော Save Your Money@ MCC ဟူသည့် ဆောင်ပုဒ်နှင့်အညီ ယခုနှစ် MCC နွေရာသီသင်တန်းများနှင့်ပတ်သက်၍ ၂၀ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းအထိ ဈေးနှုန်းများလျှော့ချပေးထားကြောင်း သိရသည်။

သင်တန်းကြေးများ လျှော့ချပေးထားသဖြင့် အမြန်ကြိုတင်စာရင်းသွင်း အပ်နှံရန် လိုသည်။

ယခုနှစ်နွေရာသီတွင် သင်တန်းအုပ်စုသုံးစုစီမံထားရှိကြောင်း၊ နွေရာသီကလေးများ အတွက် အခြေခံသင်တန်း(Computer for KIDS)၊ အခြေခံပညာအထက်တန်းပညာ ဖြေဆိုပြီးသူများသည် နိုင်ငံတကာကွန်ပျူတာဘွဲ့(UK)အတွက် ပထမနှစ်ဖြစ်သည့် International Diploma in Computer Studies (IDCS) သင်တန်းနှင့် အခြေခံပညာအထက်တန်းအောင်မြင်ပြီး အလုပ်လုပ်ရင်း ပညာသင်နိုင်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ကျွမ်းကျင်မှုသင်တန်းအုပ်စုတွင် ပါဝင်သော Junior Management & Office Staff သင်တန်း၊ LCCI Bookkeeping and Accounts Level I, II သင်တန်း၊ Business DTP and Graphic သင်တန်းများဖြစ်ကြောင်း သိရှိရသည်။

ကလေးများအတွက် ဖွင့်လှစ်သည့် Computer for KIDS သင်တန်း၏ ယခုနှစ်ထူးခြားချက်မှာ ကလေးများကိုယ်ပိုင် Laptop Computer ပါရရှိပြီး သင်ကြားနိုင်မည့် အစီအစဉ်ဖြစ်သည်။ MCC တွင် Wifi-Hotspot စနစ်ဖြင့် အင်တာနက် အသုံးပြုနိုင်မည်ဖြစ်၍ ကလေးများကိုယ်ပိုင် Laptop Computer ဖြင့် အင်တာနက် အကန့်အသတ်မရှိ အသုံးပြုနိုင်မည့်အစီအစဉ်ဖြစ်သည်။

MCC Group ၏ ယခုနှစ်နွေရာသီတွင် Save your money @ MCC အထူးအစီအစဉ်အတွက် ထူးချွန်သူများကို ပညာသင်ဆု (Scholership) ပေးခြင်း၊ MCC Foundation အစီအစဉ်အရ ချို့ငဲ့သူများကို အခမဲ့ပညာသင်ခွင့်ပေးခြင်း၊ ကံကောင်းသူများအတွက် Lucky Draw အစီအစဉ်အရ အခမဲ့ပညာသင်ခွင့် ရရှိစေခြင်းတို့ကိုလည်း မတ်လမှ မေလအထိ ဆက်တိုက်ဆောင်ရွက်ပေးမည်ဖြစ်ရာ MCC(ရုံးချုပ်)နှင့် တစ်နိုင်ငံလုံးရှိ MCC Center များသို့ လာရောက်ဆက်သွယ်ပြီး တစ်နည်းနည်းဖြင့် Save your money ပြုလုပ်နိုင်သည်။

အသေးစိတ်သိရှိလိုပါက MCC (ရုံးချုပ်) ဖုန်း-၂၄၅၇၇၅၈၊ ၂၄၅၇၇၆၂၊ ၃၉၅၅၁၂၊ ၃၈၂၉၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမီးသတ် ဒုတိယညွှန်ကြားရေးမှူး မြို့နယ်မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်သည် မတ် ၄ရက် နံနက် ၁၁နာရီခွဲမှစ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ ဝတ်စားဆင်ယင်မှုနှင့် တာဝန်ထမ်းဆောင်မှု၊ မီးသတ်ယာဉ်စက်များ ကွဲ့ခိုင်ကောင်းမွန်အသင့် ရှိ မရှိ၊ စခန်း အတွင်း၊အပြင် စခန်းသာယာလှပ သန့်ရှင်းမှုများ ရှိ၊ မရှိနှင့် တပ်ဖွဲ့စခန်းတွင် ၁၀မျိုး ၁၀ပေါင် စိုက်ပျိုးထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(၁၂၁)

နန်းချို ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း နန်းချိုရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၁ လျှပ်စစ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နန်းချိုရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် မတ် ၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် နေပြည်တော်ပျဉ်းမနား၏ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သော နန်းချိုချောင်းဆုံနေရာ၏ အထက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ နန်းချိုရေအားလျှပ်စစ်စီမံကိန်းသို့ မတ် ၄ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးသောင်းဟန်က စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း၍ စီမံကိန်းလုပ်ငန်းများ အချိန်တိုအတွင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပင်မတမံအောက်ခြေ မြေကြီးကျောက်သားတူးဖော်နေမှုနှင့် တမံယာဘက်ကမ်း မြေကြီးကျောက်သားတူးဖော်နေမှု၊ ကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဓာတ်အားပေးစက်ရုံမြေနေရာ၊ သဘာဝပိုဖိုလန်ကုန်ချောများ သိုလှောင်ရန် သိုလှောင်ရုံများ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါ နန်းချိုရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၂၀ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး ၃၀ ဒသမ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၇/၀၉-၁၀) အစည်းအဝေးကို မတ် ၅ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း) **(အပေါ်ပုံ)** က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)က ယခင်အစည်းအဝေးမှတ်တမ်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းတို့ကို တင်ပြပြီး အတည်ပြုချက်ရယူသည်။

ရွှေဈေးနှုန်း

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်အခြေအနေ၊ ရွှေဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေနှင့် အထွေထွေကိစ္စရပ်တို့ကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)က နိဂုံးချုပ်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်ရုံး ခရိုင်ဦးစီးမှူး ဦးသိန်းဟန်(၂) (ဒုတိယညွှန်ကြားရေးမှူး) ဖေဖော်ဝါရီ ၂၁ရက်က အောင်မင်္ဂလာအဝေးပြေးဂိတ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၇၆ဦးတို့အား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ရေး၊ မဆင်မခြင်ဖြင့် အရှိန်ပြင်းစွာ ကျော်တက်မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်ကွဲ့ခိုင်မှုအတွက် အစဉ်ပြုပြင်ထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ရေး ပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ဖူဆယ်အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မတ် ၂၁ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူး၍ ဦးလှဌေး (Sara FC)၏ အဓိကပံ့ပိုးမှုဖြင့် ကျင်းပမည့် ၂၀၀၉ခုနှစ် အမျိုးသားအလွတ်တန်း ဖူဆယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့် မတ် ၂၁ရက်တွင် တောင်ဥက္ကလာ ပဒေသာ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရန်စီစဉ်ထားပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် မတ်၁၁ရက်မှစ၍ ၁၇ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးနှင့် ဖူဆယ်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကြည်မင်းသိမ်း ဖုန်း-၀၉-၈၀-၃၀၅၂၂သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စိစစ်ရွေးချယ်

အဆိုပါ ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ကျပ် ၁၀သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်းနှင့် တတိယဆု ကျပ်သုံးသိန်း ချီးမြှင့်မည်ဖြစ်သည့်အပြင် အလားအလာရှိသော ကစားသမားကောင်းများအား နိုင်ငံတကာ ဖူဆယ်ပြိုင်ပွဲများအတွက် ပဏာမ မြန်မာ့လက်ရွေးစင်အဖြစ် စိစစ်ရွေးချယ်သွားမည်ဟုလည်း သိရသည်။ ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ဝင်ကြေးကျပ် ၅၀၀၀၀စီ ပေးသွင်းရမည်ဖြစ်ပြီး တစ်သင်းလျှင် နည်းပြ၊ အုပ်ချုပ်သူနှင့် ကစားသမားစုစုပေါင်း ၁၂ဦးစီဖြင့် ဖွဲ့စည်းခွင့်ရှိသည်။ အသင်းအုပ်ချုပ်သူများနှင့် နည်းပြများ အစည်းအဝေးကို လာမည့်မတ်၁၉ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ကျင်းပမည်ဟုလည်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၉ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**လူမမာနဲ့တူစွာတို့သူငါ** တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၈:၀၅-၂:၀၅	စိုက်ပျိုးရေးသမားများအတွက် သတင်းကောင်း
၈:၂၅-၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀-၂:၅၀	Activities in the City [ဆရာဦးမောင်မောင်တီ (သင်္ချာ)၏ ထူးချွန်ကျောင်းသားများဆုပေးပွဲ]
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဝင်းသိန်းဦးနှင့် တွေ့ဆုံခြင်း]
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ဂုဏ်ယူဆင်နွှဲ Yangon Golf Club ၏ရာပြည့်ပွဲ
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၀:၃၀-၄:၃၀	'ရွှေဖြူ' ဟုခေါ်သည် (အပိုင်း-၂)
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ကလေးတို့အတွက်လက်ဆောင် (စက္ကူပုတီးပြုလုပ်နည်း)
၁၁:၂၀-၅:၂၀	**ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	စိတ်ဝင်စားစရာ အပင်ငယ်လေးများ
၁၁:၄၅-၅:၄၅	နိုင်ငံခြားဝင်ငွေရှာဖွေနေသော လပွတ္တာခရိုင်မှ ရွှံ့ကဏန်းများ
၁၂:၀၅-၆:၀၅	Fashion Guide (i-Gift ရဲ့ပိုးထည်မြန်မာဝတ်စုံများ)
၁၂:၂၀-၆:၂၀	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂:၄၀-၆:၄၀	သွားမယ်စားမယ် (SANTINO Cafe&Bakery)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV - 4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Sunderland-Tottenham	Star Sports(Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Coventry City-Chelsea	Star Sports(Live)
၁၁:၃၀	Fulham-Man Utd	Star Sports(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Genoa-Inter Milan	5-Cartoon(Live)
၂:၀၀	Torino-Juventus	5-Cartoon(Live)

အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု သင်တန်းဖွင့်

နေပြည်တော် မတ် ၆

ပို့ဆောင်ရေးဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု သင်တန်း (၁/၂၀၀၉) ဖွင့်ပွဲကို မတ် ၃ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလ သုံးလဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့ ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁ရက် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် ရှမ်းကွင်းကျေးရွာတွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝန်ကြီးသည် မတ် ၂ရက် နံနက်ပိုင်းတွင် ချောင်းခွကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အလှူငွေ

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီက မြို့နယ်ပညာရေးမှူးထံ ကျောင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဝန်ကြီးနှင့်အလှူရှင်များက ဘိလပ်မြေအိတ် ၇၀၊ သစ်နှစ်တန်နှင့် အလှူငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တစ်တီတူးကွင်း၊ တကယ်ဆူ၊ ပါဠိကွင်း၊ ငွေးကုန်းနှင့် သရက်တပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ ပတုပ်၊ ကညင်တပင်နှင့် ရေပျဉ်းချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းများ၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် လူပျိုတော်ကွင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၆

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ အတွင်းရေးမှူး ဦးသိန်းမြင့်က လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော 'Myanmar Standards on Auditing 'ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းရန်နှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပါသည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီ၊ မကွေးမြို့တွင် ၃၉ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ဒသမ ၁၂လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

၂၀၀၉ခုနှစ် မတ် ၇ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

၂၀၀၉ခုနှစ် မတ်လဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်း၌ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် အများအားဖြင့်သာယာမည်။

လေဘေးသင့်ပြည်သူများအတွက်ငွေလှူဒါန်း

ရန်ကုန် မတ် ၆

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းလျက်ရှိရာ မတ် ၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင် Mr.Peter Bussimger, Studer Trust (Hong Kong) က ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ရွှေထူးကျေးရွာ လူနေအိမ် အလုံး ၅၀အတွက် ငွေကျပ် သိန်း၃၀၀ကို ဒုတိယအကြိမ် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပညာစက္ကူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာစက္ကူစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က သာစည်မြို့နယ် ညောင်အိုင်ကျေးရွာအုပ်စု ကမ်းပါးမြင့်ကျေးရွာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

တပေါင်းလပြည့်နေ့ လှော်ကားဥယျာဉ် ဖွင့်ထားမည်

ရန်ကုန် မတ် ၆

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို မတ် ၁၀ရက် (တပေါင်းလပြည့်နေ့)တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက်၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး

အစဉ်သတိပြု

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ဗိုလ်ချုပ်သိန်းထိုက်၊ ဗိုလ်ချုပ်ဆန်းဆင့်၊ ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ခံပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်က ဆောင်ရွက်ပြီး မင်္ဂလာအခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နိကာယ နယူပဒေသကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောသာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နိကာယ နယူပဒေသကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တို့သည် သာသနာ့မဟာဗိမာန်တော်အတွင်း သီတင်းသုံးစံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၆

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်၌ ကျင်းပရာ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဆုများချီးမြှင့်သည်။

တက်ရောက်

အဆိုပါ (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်း ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ (၁၇)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ဒုတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းအား ဒုတိယဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အလေးပြု

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြကာ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

သရုပ်ပြ

ထို့နောက် (၆၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းက ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်း၊ ဒုတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့အား ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ဆုရ စစ်တီးဝိုင်းအဖွဲ့များ၏ သရုပ်ပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၇:၅၅ ၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၆။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၅၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ Yan Can Cook
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၈)
- ၁၃:၅၅ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄:၄၀ ၈။ International News
- ၁၄:၅၀ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ သာဂရစက်မှုနယ်မြေ
- ၄:၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၂၅ ၈။ **ဆွေမျိုးတော်ပေမယ့်** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
- ၅:၃၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၄၅ ၁၀။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၅၅ ၁၄။ ပဥ္စလက်ကျောင်းတော်
- ၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၄)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၆)

အလက(၁)လှိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

အလက(၁)လှိုင် (၇ လမ်းကျောင်း) ကျောင်းသူ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်း၌တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ၅-၅-၁၉၈၇အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးကြသော ဆရာ၊ ဆရာမများအားလုံးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အပတ်စဉ်တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည့် အကြိုညှိနှိုင်း အစည်းအဝေးပွဲကို ကျောင်းသား၊ ကျောင်းသူဟောင်းများ တက် ရောက်ကြပြီး အလှူငွေ၊ လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုပါက ဆရာဦးတိုးဟန် ဖုန်း-၅၁၆၃၉၃၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၁-၇၇၇၂၃၊ ဦးငွေတိုး ဖုန်း- ၅၃၆၀၀၆၊ ဦးသိန်းထွန်း(ဆန်ဆိုင်) ဖုန်း-၀၉-၅၁-၉၃၃၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တောနှင့်သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မြန်မာ့ဘောလုံး တစ်ခေတ်ဆန်းရေးအတွက် ပရိုစနစ်ကို ကူးပြောင်းမည့် အစီအစဉ်အား ကြိုဆိုခြင်း

သတင်းဆောင်းပါး - စိုးမိုး (IBC) ဓာတ်ပုံမှတ်တမ်း - ဘုန်းမြတ်ပိုင် စာမျက်နှာပြင်ဆင်မှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

တစ်ခေတ်တစ်ခါက ဒေသတွင်း၌သာမက အာရှအဆင့်နှင့်ကမ္ဘာ့အိုလံပစ်အဆင့်ထိပါ ထိုးဖောက်နိုင်သည်အထိ အောင်မြင်မှုအစဉ်အလာ ကြီးမားခဲ့သော မြန်မာ့ဘောလုံးသည် နောက်ပိုင်း၌ အကြောင်းအမျိုးမျိုးကြောင့် တဖြည်းဖြည်း အဆင့်အတန်းကျဆင်းလာခဲ့ပြီး ဒေသတွင်း၌ပင် ထိပ်ပိုင်းအဆင့်တွင် ရပ်တည်နိုင်ခြင်း မရှိတော့သည်အထိ အရှိန်အဝါ ကျဆင်းခဲ့ရသည်။ ထိုသို့ မြန်မာ့ဘောလုံးအဆင့်အတန်း တဖြည်းဖြည်းပြန်လည် ကျဆင်းလာခဲ့ခြင်း၏ အဓိကအကြောင်းရင်းတွင် ပြည်တွင်းဘောလုံးပြိုင်ပွဲများကို ပရော်ဖက်ရှင်နယ် ပုံစံဖြင့် မသွားနိုင်သေးခြင်းကလည်း အခြေခံအကြောင်းအချက်တစ်ရပ်ဖြစ်သည်။

ပရိုလိဂ်စည်းမျဉ်းစည်းကမ်း အချောသပ် ရေးဆွဲထုတ်ပြန်နိုင်ရန် ပြည်တွင်းဘောလုံးရေးရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူနေသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်။ (မြန်မာ့အလင်း)

ထိုအချက်ကို လက်ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက သိမြင်သဘောပေါက်ခဲ့သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် အပျော်တမ်းအဆင့် (Amature) ပုံစံဖြင့်သာ သွားနေခဲ့ရခြင်းဖြစ်သည်။ သို့သော် ယခုအခါတွင် ဒေသတွင်း၌ ထိပ်တန်းရောက်နေသော ပြိုင်ဘက်များနှင့်ယှဉ်ကြည့်လျှင် ပရိုပုံစံမသွားနိုင်သေးသော မြန်မာ့ဘောလုံးထက် ပြိုင်ဘက်နိုင်ငံများက နှာတစ်ဖျားအသာရနေသလို ဖြစ်နေခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အစဉ်ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာဘောလုံးလောကကို အမီလိုက်နိုင်ရန် အခြေအနေအရ အခက်အခဲများရှိနေသော်လည်း ပရိုစနစ်သို့ မဖြစ်မနေကူးပြောင်းနိုင်ရေးအတွက် အချိန်ယူ၍ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကာ အကြီးအကဲများထံသို့ တင်ပြခွင့်ပြုချက်များ ရယူခဲ့သည်။

ရတနာပုံ အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းအား သူ့အသင်း အတွက် ငှားရမ်းထားသည့် ဘယ်လ်ဂျီယံနည်းစနစ်ဒါရိုက်တာနှင့်ပြင်သစ်နည်းပြတို့ကို အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

ဥက္ကဋ္ဌများအပါအဝင် ဒေသတွင်းက ပရိုနှင့်ဆီမီးပရိုစနစ် ကျင့်သုံးလျက်ရှိနေသော နိုင်ငံအချို့က ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ကျွမ်းကျင်သူများနှင့် စုစုပေါင်း ၂၇ ကြိမ်ခန့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူခဲ့ပြီးမှ မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံး၊ အဆင်ပြေဆုံးဖြစ်သည့် ပရိုစနစ်အတွက် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို စနစ်တကျအသေးစိတ်ရေးဆွဲ၍ နိုင်ငံ့အကြီးအကဲများထံ တင်ပြအတည်ပြု ခွင့်ပြုချက်ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ဘောလုံးအားကစားမှာ ချက်ချင်းအောင်မြင်မှုမရနိုင်သည့် လုပ်ငန်းဖြစ်သည့်အပြင်၊ ပရိုစနစ်ကူးပြောင်းရေးအတွက်လည်း အချိန်တိုအတွင်း စတင်အကောင်အထည်ဖော်နိုင်အောင် မနားမနေဆောင်ရွက်ခဲ့ရခြင်းဖြစ်၍ လုပ်ခါစတွင် အခက်အခဲအချို့ရှိမည်ဟုလည်း ကြိုတင်မျှော်လင့်ထားပါကြောင်း၊ မြန်မာ့ဘောလုံး အမှန်တကယ်တိုးတက်ရေးအတွက် ခက်၍မလုပ်ဘဲနေလျှင်လည်း မရကြောင်း၊ မည်သည့် အခက်အခဲများရှိပါစေ မိမိတို့အနေဖြင့် နိုင်ငံချစ်စိတ်၊ ဘောလုံးကိုချစ်သည့်စိတ်များဖြင့် အောင်မြင်မှုရသည်အထိ ဖွဲနပဲရှိရှိ ကြိုးစားသွားမည်ဟု သန္နိဋ္ဌာန်ချထားပါကြောင်း၊ သို့အတွက် ပရိုစနစ်ပြောင်း နိုင်ရန်လမ်းညွှန်ခွင့်ပြုမှုများပေးခဲ့သော နိုင်ငံ့အကြီးအကဲများကို အထူးကျေးဇူးတင်မိပါကြောင်း၊ မြန်မာ့ဘောလုံးတိုးတက်ရေး တစ်ခုတည်းကို ဦးတည်ပြီး မိမိတို့ လုပ်ငန်းတာဝန်များနှင့် မအားလပ်သည့်ကြားက အချိန်ကုန်၊ ငွေကုန်ကြေးကျများစွာကျခံကာ ပရိုလိဂ်ပြိုင်ပွဲဝင်အသင်းများ ဖွဲ့စည်းပေးကြမည့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်ကြီးများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်ပါကြောင်း၊ ပရိုလိဂ်ကို ပီပီပြင်ပြင်သွားနိုင်ရေးမှာ မိမိတို့ဘောလုံးအဖွဲ့ချုပ်တစ်ခုတည်း အကောင် အထည်ဖော်၍မရပါကြောင်း၊ မီဒီယာများ၊ ပရိသတ်များ၊ ကစားသမားများနှင့် ဘောလုံးနှင့်သက်ဆိုင်ဆက်နွှယ်သည့် ပုဂ္ဂိုလ်များအားလုံးကလည်း ပရိုစိတ်ဓာတ်ရှိရှိဖြင့် ပါဝင် ပူးပေါင်းကူညီပေးဖို့ လိုအပ်ပါကြောင်း” ရှင်းလင်းပြောကြားသွားခဲ့သည်။

လှုပ်ရှားလာမည်

ဘောလုံးအားကစားမှာ ကမ္ဘာ့ပရိသတ် စိတ်ဝင်စားမှုအရှိဆုံး အားကစားဖြစ်သကဲ့သို့ မြန်မာ့ပရိသတ် သည်းခြေကြိုက် အားကစားနည်းလည်းဖြစ်၍ နိုင်ငံတော်အစိုးရကလည်း မြန်မာ့ဘောလုံးအားကစားကို တိုးတက်အောင်မြင်မှုရရှိစေရန် အမျိုးသားအားကစားအဖြစ်သတ်မှတ်ပြီးလိုအပ်သည့် လမ်းညွှန်ပံ့ပိုးမှုများပြုလုပ်ပေးခဲ့သည်။ သို့အတွက် မော်ဒန်ဘောလုံးလောက၏ တောင်းဆိုချက်အရ ဦးဆောင်စည်းရုံးအကောင်အထည်ဖော်မှု၊ ဘောလုံးကို အလွန်ချစ်မြတ်နိုးသော မြန်မာလူမျိုးတို့၏ တောင်းဆိုမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်ချက်များအားပံ့ပိုးပေးမှု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်စည်းရုံးအကောင်အထည်ဖော်မှုနှင့် ဘောလုံးအားကစားကို ချစ်မြတ်နိုးသော တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် မကြာမီလပိုင်းအတွင်း၌ ပရိုလိဂ်ပုံစံ စနစ်အဖြစ်ကျင်းပမည့် Myanmar National League ပြိုင်ပွဲကြီး ပေါ်ထွန်းသက်ဝင် လှုပ်ရှားလာနိုင်တော့မည်ဖြစ်သည်။

တက်ညီလက်ညီ

သို့သော် ဘောလုံးအလုပ်မှာ စကားနှင့်ပြောသည်ထက် စာနှင့်ရေးပြသည်ထက် များစွာခက်ခဲပြီး အချိန်ပြည့် ပြိုင်ဆိုင်မှုများရှိနေတတ်သောကြောင့် ချက်ချင်းအောင်မြင်မှုရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း ခက်လှပေသည်။ အထူးသဖြင့် နှစ်ပေါင်းတစ်ရာကျော်ကြာ အပျော်တမ်းစနစ်ဖြင့်သာ ယှဉ်ပြိုင်ခဲ့သော ပြည်တွင်းဘောလုံးကို ပရိုပုံစံအဖြစ် ပီပီပြင်ပြင်ကူးပြောင်းရမည့်ကိစ္စမှာ အတော်ပင်ခက်ခဲလှပြီး အချိန်လည်းယူ၍ တက်ညီလက်ညီဖြင့် ကြိုးစားဆောင်ရွက်ရမည်သာဖြစ်သည်။ အခက်အခဲများရှိ၍ မလုပ်ဘဲနေလျှင်လည်း မြန်မာ့ဘောလုံးမှာ ပြိုင်ဘက်များကို စိန်ခေါ်ကျော်ဖြတ်နိုင်ရန် အလှမ်းဝေးနေဦးမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံနှင့်ဘောလုံးကို ချစ်မြတ်နိုးသည့်စိတ် တိုးတက်အောင်မြင်စေလိုသည့် ဆန္ဒများနှင့်အတူ အခက်အခဲများရှိနေသည့်ကြားကပင် ပရိုစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် အချိန်တိုအတွင်း အကောင်အထည်ဖော် ကြိုးစားခဲ့ရခြင်းဖြစ်ပေသည်။

လွန်ခဲ့သည့် မတ် ၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သော ပရော်ဖက်ရှင်နယ်လိဂ် Myanmar National League နှင့်ပတ်သက်သည့် ပထမဆုံး တရားဝင်သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က **“မိမိတို့ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးအတွက် မဖြစ်မနေ ဆောင်ရွက်အကောင်အထည်ဖော်ရန်လိုအပ်နေသော ပရော်ဖက်ရှင်နယ်စနစ် ကူးပြောင်းရေးနှင့် ပရိုလိဂ်ကို အမြန်ဆုံးကျင်းပနိုင်ရေးအတွက် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလကစပြီး အစီအစဉ်များ စတင်ရေးဆွဲခဲ့ကာ နိုင်ငံ့အကြီးအကဲများထံ တင်ပြခွင့်ပြုချက်ရယူခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်ဦးဆောင်ခဲ့ပြီး မိမိတို့အား တွေ့ဆုံလမ်းညွှန်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ပရော်ဖက်ရှင်နယ် ပုံစံပြောင်းနိုင်ရေးအတွက်လည်း FIFA, AFC, AFF တို့မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ ဂျပန်နှင့်ကိုရီးယားဘောလုံးအဖွဲ့ချုပ်**

အတည်ပြု

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပရိုလိဂ်ပုံစံဖြစ်သော Myanmar National League ကို ယခုနှစ် မေလအတွင်း စတင်ကျင်းပနိုင်ရန် နိုင်ငံတကာဘောလုံးအဖွဲ့အစည်း အဆင့်ဆင့်၏ ကွပ်ကဲကူညီမှုနှင့် ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကောင်းများကို ရယူခဲ့သည့်အပြင် နိုင်ငံတကာတွင် ပရိုလိဂ်ကို ပီပီပြင်ပြင်အကောင်အထည်ဖော်နေနိုင်သော ဘောလုံးနိုင်ငံအချို့၏ ပရော်ဖက်ရှင်နယ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ Rules and Regulations များကို အဆင့်မီမီ ရေးဆွဲခဲ့ပြီး ပြည်တွင်းက ဘောလုံးကျွမ်းကျင်သူများ သေချာညှိနှိုင်းဆွေးနွေး အတည်ပြုရေးဆွဲခဲ့ခြင်းဖြစ်သည်။

ယခုနှစ်မေလဆန်းတွင် ပရိုလိဂ်ကူးပြောင်းမှု ပထမအဆင့်အနေဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်ကြီး ရှစ်ဦးအား ပုဂ္ဂလိကအသင်းများကို စနစ်တကျဖွဲ့စည်းစေကာ ယခုပထမနှစ် (၂၀၀၉)တွင် အဆိုပါပရိုအသင်း ရှစ်သင်းအား MNL Cup ပြိုင်ပွဲသဘောမျိုးအဖြစ် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် နယ်အသင်း လေးသင်းစီ အုပ်စုပတ်လည်ပုံစံဖြင့် ကစားစေပြီး အမှတ်အများဆုံးရသည့် နှစ်သင်းစီအား ဒုတိယအဆင့် ပတ်လည်ပုံစံနှင့် Home and Away နှစ်ကျော့စနစ်ဖြင့် ကစားစေကာ အမှတ်အများဆုံး နှစ်သင်းကိုလည်း ဗိုလ်လုပွဲ နှစ်ကျော့စနစ်ပုံစံဖြင့် ကြားမြေတစ်ခုတွင် ကစားစေရန်လျာထားကြောင်း သိရသည်။

စည်းရုံးဆောင်ရွက်

လာမည့် ၂၀၁၀ပြည့်နှစ်တွင် အသင်းအရေအတွက် ထပ်မံတိုးချဲ့ဖွဲ့စည်းရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၁ခုနှစ်တွင် စုစုပေါင်း ၁၂သင်းအထိ ဖွဲ့စည်းသွားပြီး ပရိုပုံစံပီပီပြင်ပြင်သွားနိုင်အောင် အစီအမံများလည်း ချမှတ်ထားသည်ကို တွေ့ရသည်။ ယခုနှစ်တွင် ပထမဆုံးဖွဲ့စည်းမည့်အသင်းများနှင့် အသင်းပိုင်ရှင်များမှာ (၁)Yangon United FC ဦးတေဇ (ထူးထရေးဒင်း)၊ (၂) Kanbawza FC ဦးအောင်ကိုဝင်း (ကမ္ဘောဇ)၊ (၃) Yadanarpon FC ဒေါက်တာစိုင်းဆမ်ထွန်း (Alpine)၊ (၄) Okkthar United FC ဦးအောင်မိုးကျော် (IBTC)၊ (၅) Southern Myanmar United FC ဦးဌေးမြင့် (ယုဇန)၊ (၆) Magway FC ဦးထွန်းမြင့်နိုင် (Asia World)၊(၇)Delta United FC ဦးချစ်ခိုင် (ဧဒင်ကုမ္ပဏီ)၊ (၈)Zeya Shwe Myay FC ဦးဝင်းမြင့် (ရွှေနဂါးမင်း)တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အကြီးအကဲများ၏ လမ်းညွှန်ပံ့ပိုးမှု၊ ကျွမ်းကျင်သူများ၏ အကြံဉာဏ်၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု၊ ဘောလုံးကို ချစ်မြတ်နိုးသော မြန်မာလူမျိုးများ၏ အားပေးတောင့်တမှုများဖြင့် မကြာမီကာလအတွင်း မြန်မာ့ဘောလုံးအနာဂတ် ပိုမိုထွန်းလင်းတောက်ပလာစေရေးကို အထောက်အကူပြုမည့် ပရိုလိဂ်ပြိုင်ပွဲကြီးကို မဖြစ်မနေအောင်မြင်အောင် ကျင်းပသွားနိုင်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိရာ ဘောလုံးချစ်သူ မြန်မာပြည်သူများကလည်း ဝိုင်းဝန်းလက်တွဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မတ် ၆

အထက(၁) လသာ အာစရိယပူဇော်

အထက(၁)လသာ၌ လုပ်သက်ငါးနှစ်အထက် အသက် (၅၅)နှစ်ပြည့် ၁၉၈၆ ခုနှစ်နောက်ပိုင်း အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)လသာ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၁၇၁၃၈ သို့ ဆက်သွယ်နိုင်သည်။

ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းစာမူဖိတ်ခေါ်

ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းကို စာသင်နှစ်အလိုက် ထုတ်ဝေမည်ဖြစ်ရာ စာမူများနှင့် မှတ်တမ်းဓာတ်ပုံများကို ဖိတ်ခေါ်ထားသည်။ ပေးပို့လိုပါက မတ် ၃၀ရက် နောက်ဆုံးထားပြီး ဦးမျိုးသန့် (တွဲဖက်ပါမောက္ခ မြန်မာစာဌာန)နှင့် ဒေါ်ခင်သိန်း (တွဲဖက်ပါမောက္ခ သမိုင်းဌာန)တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

ဥပဒေကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် ၁၉၉၃-၁၉၉၄ မှ ၂၀၀၁-၂၀၀၂အထိ ဥပဒေပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရွှေတိဂုံဘုရားလမ်း (ရွှေတိဂုံတောင်ဘက်မုခ်)အနီး ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၃၅၀၇၃ နှင့် ၀၉-၉၉-၂၁၁၃၃ တို့သို့ ဆက်သွယ်နိုင်သည်။

စက်မှုအင်ဂျင်နီယာ မြတ်ဆရာပူဇော်မည်

၁၉၈၅-၁၉၈၆-၁၉၈၇ စက်မှုအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၄၇၈၂၈ နှင့် ၀၉-၅၀-၀၂၆၆၈တို့သို့ ဆက်သွယ်နိုင်သည်။

ဘူမိဗေဒကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

၁၉၈၂ခုနှစ်နှင့် ၁၉၈၃ခုနှစ်တို့တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပထမနှစ်သို့ တက်ရောက်ခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ပန်းခြံအတွင်း ကန်တော်မင်စားသောက်ဆိုင်၌ မတ်၈ရက် (တနင်္ဂနွေနေ့) ညနေ၄နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၇၅၉၁၇နှင့် ၀၉-၅၀-၀၄၄၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဟသ်ာတအသင်း နှစ်ပတ်လည်စည်းဝေးမည်

ဟသ်ာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၂ရက်(တနင်္ဂနွေ) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ၄၅လမ်း အမှတ်၁၈၄-၁၈၆ရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၅၀၂၃၀၃သို့ ဆက်သွယ်နိုင်ပါသည်။

စက်မှုတက္ကသိုလ်မြို့ပြအင်ဂျင်နီယာမြတ်ဆရာပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ (၁၉၈၁-၁၉၈၅) ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၃၅၈၉၄နှင့် မတင်မိုးမြင့် ဖုန်း-၄၂၀၀၉၂ တို့သို့ ဆက်သွယ်နိုင်သည်။

ရေကြောင့်လောင်သောမီး စာအုပ်ဖြန့်ချိ

ရေကြောင့်လောင်သောမီးအပါအဝင် ဝတ္ထုတို ၁၃ပုဒ် စုစည်းထားသည့် စာအုပ်ကို စာရေးဆရာလယ်တွင်းသားစောချစ်ရေးသားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ဖြန့်ချိထားသည်။ ဝယ်ယူလိုပါက ဖုန်း-၇၂၅၅၃၀နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်သည်။

မော်လမြိုင်ကောလိပ် မြတ်ဆရာပူဇော်မည်

မော်လမြိုင်ကောလိပ်တွင် ဓာတုဗေဒအဓိကဘာသာရပ်ဖြင့် ၁၉၇၅ မှ ၁၉၇၉ အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရှစ်မိုင်လမ်းဆုံ ပြည်လမ်းရှိ ရွှေဘဲစားတော်ဆက်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုပါက ဖုန်း-၀၉-၈၆-၁၂၃၂၄ သို့ ဆက်သွယ်နိုင်သည်။

မန္တလေးစီးပွားရေးလမ်းညွှန်ဖြန့်ချိ

နှစ်စဉ်ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်ပေါင်း များစွာကို စုစည်းဖော်ပြထားသည်။ မန္တလေး ဖုန်း-၀၂-၇၂၂၀၀ နှင့် ရန်ကုန် ဖုန်း-၀၁-၂၃၂၉၅ တို့သို့ ဆက်သွယ်နိုင်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

မန်ယူနှင့်လီဗာပူးတို့ရဲ့ နွေရာသီ အာရှခြေစမ်းပွဲခရီးစဉ်များ

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မတ် ၆

၂၀၀၈-၂၀၀၉ ခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီဟာ နောက်ထပ်ပွဲစဉ်(၁၁) ပွဲကစားပြီးရင် ကန့်လန့်ကာချတော့မှာ ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်း ပြည်တွင်းပြည်ပလိဂ်ပြိုင်ပွဲတွေ၊ နိုင်ငံကိုယ်စားပြုပြိုင်ပွဲတွေနဲ့ မနားတမ်းကစားခဲ့ရလို့ ပွဲပန်းနေတဲ့ ပရီမီယာလိဂ် ထိပ်တန်းကစားသမားတွေ ပါဝင်တဲ့ လီဗာပူးအသင်းဟာ လာမယ့်နွေရာသီဘောလုံးပွဲတွေနားချိန်မှာ ပြည်ပခရီးထွက်ပြီး ချစ်ကြည်ရေးခြေစမ်းပွဲတွေ ကစားဖို့ သတင်းထုတ်ပြန်လိုက်ပြီ ဖြစ်ပါတယ်။

ဒီနှစ် နွေရာသီမှာတော့ လီဗာပူးအသင်းဟာ အာရှခရီးစဉ်တွေဖြစ်တဲ့ ထိုင်း၊ စင်ကာပူနဲ့ ဟောင်ကောင်တို့မှာ ချစ်ကြည်ရေးခြေစမ်းပွဲတွေ ကစားသွားမှာဖြစ်တာမို့ လီဗာပူးရဲ့ အာရှပရိသတ်တွေကတော့ သူတို့ နှစ်သက်အားပေးနေတဲ့ လီဗာပူးဘောလုံးသမားတွေကို ကိုယ်တိုင်မြင်တွေ့နှုတ်ဆက်ခွင့်၊ အော်တိုရေးခိုင်းခွင့်နဲ့ ဘောလုံးပွဲကစားတာတွေကို တိုက်ရိုက်ကြည့်ရှုခွင့် ရရှိတော့မှာဖြစ်ပါတယ်။

ပြောကြား

ဒီနှစ် ပရီမီယာလိဂ် ဖလားကို ခြိမ်းခြောက်နိုင်တဲ့ လီဗာပူးအသင်းကို အာရှ ပရိသတ်တွေ အားပေးကြတာ သန်းပေါင်းများစွာ ရှိနေပါတယ်။ အဲဒီပရိသတ်တွေအတွက်ရော အာရှဘောလုံးသမားတွေအတွက်ပါ အခွင့်အရေးကောင်းတွေရနိုင်တဲ့ လီဗာပူးရဲ့ အာရှခရီးဘောလုံးပွဲစဉ်တွေကို လာမယ့် ဇူလိုင်လအတွင်းမှာ လာရောက် ကစားဖို့ စီစဉ်ထားပါတယ်လို့ ထိုင်းနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝူရာဝီမာကုဒီက ပြောကြားနေပါတယ်။

ထိုင်းနိုင်ငံကို လီဗာပူးအသင်းအနေနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲတွေ လာရောက်ကစားတာဟာ အခုအကြိမ်နဲ့ ဆိုရင် တတိယအကြိမ် ရှိတော့မှာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်တွေမှာ ချစ်ကြည်ရေးခြေစမ်းပွဲ လာရောက်ကစားခဲ့ဖူးပါတယ်။

ဒီနှစ် နွေရာသီ ခရီးစဉ်မှာတော့ လီဗာပူးအသင်းဟာ ပထမဆုံးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံကို သွားရောက်မှာဖြစ်ပြီး စင်ကာပူနိုင်ငံ လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲ ကစားမှာဖြစ်ပါတယ်။ ဒါပေမယ့် စင်ကာပူဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကတော့ လီဗာပူးအသင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံကို ဒီခရီးစဉ်မှာ ပထမဆုံးပွဲစဉ်အဖြစ် လာရောက်ဖို့အတွက်က ညှိနှိုင်းနေဆဲပါ။ အတည်ပြုလို့ မရသေးပေမယ့် ကစားဖို့ ရာခိုင်နှုန်းများပါတယ်လို့ ဆိုပါတယ်။

ညှိနှိုင်းဆဲ

ဒါ့အပြင် ဟောင်ကောင်မှာ လာရောက်ကစားဖို့ နေ့ရက်အတိအကျ ဆွေးနွေးနေပြီး အသေးစိတ် အချက်အလက်တွေကတော့ ညှိနှိုင်းနေဆဲဖြစ်ပါတယ်လို့ ဟောင်ကောင်အရာရှိတစ်ဦးက ပြောကြားနေပါတယ်။

မန်ယူ

မန်ယူအသင်းကလည်း လာမယ့် နွေရာသီမှာ အာရှချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေကို သွားရောက်ကစားဖို့ စီစဉ်နေတယ်လို့ မန်ယူကလပ် တာဝန်ရှိသူ တစ်ဦးက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ပွဲတိုင်းနိုင်ပွဲရရှိရန် လေ့ကျင့်နေကြသည့် လီဗာပူး ဘောလုံးသမားများ။

(အင်တာနက်ဓာတ်ပုံ)

စီစဉ်ထား

မန်ယူအသင်းအနေနဲ့ အာရှနိုင်ငံအချို့ရဲ့ နွေရာသီချစ်ကြည်ရေး ခြေစမ်းပွဲသွားရောက်ကစားမယ့်အချိန်ကို လာမယ့် ဇူလိုင်လအတွင်းမှာ စီစဉ်ထားပြီး နေ့ရက်အတိအကျကို မကြာမီအချိန်အတွင်းမှာ သတင်းထုတ်ပြန်သွားမယ်လို့ဆိုတာကြောင့် အာရှနိုင်ငံအချို့ရဲ့ ဘောလုံးပရိသတ်တွေ အကြိုက်တွေ့စေဦးမှာဖြစ်ပါတယ်။ ။

(အင်တာနက်)

အယ်လ်အေဂလက်ဆီမှ ဘက်ခမ်း ဘောလုံးရာသီအကုန်ထိ အေစီမီလန်၌ဆက်ရှိမည်

လန်ဒန် မတ် ၆

အေစီမီလန်နှင့် လော့စ်အိန်ဂျလိစ် ဂလက်ဆီအသင်းတို့သည် ဘက်ခမ်းအား တစ်လှည့်စီခေါ်ယူကြရေး သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဘက်ခမ်းသည် အေစီမီလန်တွင် ယခုနှစ် ဘောလုံးရာသီကုန်သည်အထိ ဆက်ကစားသွားမည်ဟု ဆိုသည်။

အသက်(၃၃)နှစ်ရှိ အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်း**(ဝဲပုံ)**သည် အေစီမီလန်၌ ဘောလုံးရာသီကုန်ပြီးနောက် ယခုနှစ်ကုန်တွင် အေစီသို့ ပြန်မသွားမီ အယ်လ်အေဂလက်ဆီ၌ လများစွာ ကစားရဦးမည်ဖြစ်သည်။

ချစ်စိုးနိုင် စုစည်းတင်ပြသည်

နည်းပြခရစ်ကိုးလ်မန်း အကောင်းဆုံးနည်းပြဆုရရှိ

လန်ဒန် မတ် ၆

ကိုဗင်ထရီနည်းပြ ခရစ်ကိုးလ်မန်း **(အောက်ပုံ)**သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလ အတွက် ချန်ပီယံရှစ်၏ လအလိုက် အကောင်းဆုံး နည်းပြအဖြစ် ရွေးချယ်ခံရသည်။ ကိုဗင်ထရီအသင်းသည် ပြီးခဲ့သည့်လက လိဂ်ပွဲ လေးပွဲကစားရာတွင် သုံးပွဲအနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ပွဲပန်းမှုသည် ပြဿနာမဟုတ် မာတင်အိုနေးလ်ပြောကြား

လန်ဒန် မတ် ၆

အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်က ၎င်း၏အသင်းသည် ပွဲပန်းလွန်းသော်လည်း ချန်ပီယံလိဂ်ဝင်ခွင့် နေရာရရေးအတွက် စိန်ခေါ်မှုကို ခံနိုင်စွမ်းရှိဆဲဖြစ်ပြီး ပွဲပန်းမှုသည် ပြဿနာမဟုတ်ဟု အခိုင်အမာပြောကြားလျက် ဝေဖန်မှုများကို ချေပခဲ့သည်။

ရပ်တည်

ဗီလာသည် ပြီးခဲ့သည့် မတ် ၄ရက်က မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ် ၁၀ပွဲ ကစားရန် ကျန်ရှိချိန်၌ ပဉ္စမနေရာမှ အာဆင်နယ်အသင်းကို သုံးမှတ်ဖြတ်ကာ စတုတ္ထနေရာ၌ ရပ်တည်နေသည်။

(အင်တာနက်)

လီဗာပူးပြုပြင်ဖွဲ့စည်းရန်လို မာရှေရာနိုပြောကြား

လန်ဒန် မတ် ၆

ယခုရာသီတွင် ပရီမီယာလိဂ်သရဖူ စိန်ခေါ်မှုကို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် လီဗာပူးအသင်းအနေဖြင့် အသင်းတိုးတက်စေရန် ၎င်းတို့၏ ဖွဲ့စည်းမှုပုံစံကို ပြုပြင်ပြောင်းလဲဖွဲ့စည်းရန်လိုအပ်ကြောင်း အာဂျင်တီးနားနှင့် လီဗာပူးကွင်းလယ် ကစားသမား မာရှေရာနိုက ဖွင့်ဟပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ် ဇယားထိပ်မှ မန်ယူအသင်း၏နောက်တွင် ခုနစ်မှတ်အကွာဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

ဂျူအန်က ဒီယက်ဇ်အားနိုင် လိုက်ဝိတ်ခါးပတ်များရယူ

လန်ဒန် မတ် ၆

မက္ကဆီကို လက်ဝှေ့ကျော် ဂျူအန်မင်နျူယယ်မားကွက်ဇ်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် အမေရိကန်လက်ဝှေ့ကျော် ဂျူအန်ဒီယက်ဇ်အား ကိုးချီတွင် အနိုင်ထိုးသတ်ကာ လစ်လပ်နေသော ဒဗလျူဘီအေနှင့် ဒဗလျူဘီအို သရဖူများကို ရယူနိုင်ခဲ့သည်။

မားကွက်ဇ်သည် ရှစ်ချီတွင်ဒီယက်ဇ်၏ အမြင်အာရုံ ဝေဝါးလောက်အောင် တရစပ် ထိုးသတ်နိုင်ခဲ့ပြီး ကိုးချီတွင် အလဲထိုးသတ်နိုင်ခဲ့သည်။ **(အင်တာနက်)**

မာစတာချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲ၌ မက်အီလ်ရွိုင် ဆုဖလားဆွတ်ခူးနိုင်ဟုဆို

လန်ဒန် မတ် ၆

လာမည့်လတွင် ဩဂက်စတာ၌ကျင်းပမည့် မာစတာချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲ၌ ရိုရီမက်အီလ်ရွိုင်သည် မိမိအား အနိုင်ရရှိရန်အခွင့်အရေးရှိကြောင်း ထရီဗိုရ်အင်မ်မီလ်မန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဒေါင်းစီရင်စုတွင် အဓိကဖလား တစ်လုံးကို ဆွတ်ခူးရရှိထားသူ ဟောလီးဝုဒ်မှ ဂေါက်သီးရိုက်အားကစားသမား အသက် ၁၉နှစ်ရှိ အင်မ်မီလ်မန်က အခွင့်အရေးရှိသည်ဆိုသည်ကို မဖြစ်နိုင်ဟု အတိအကျမပြောနိုင်ကြောင်း ပြောကြားခဲ့သည်။ ရိုရီမက်အီလ်ရွိုင်သည် ကမ္ဘာ့အဆင့် ၁၆ ရယူထားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

7-3 (11).pmd 1 3/7/2009, 1:21 AM

၁၉၈၂ နှင့် ၁၉၈၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသော

ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့ရေ . . .

အာစရိယပူဇော်ပွဲမှာ ပြန်လည်ဆုံတွေ့ကြပါစို့ . . .

နေ့ရက် - ၈-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ ၄း၃၀နာရီမှ ည ၇း၃၀နာရီအထိ
နေရာ - ကန်တော်မင်စားသောက်ဆိုင်(ဦးဝိစာရအဝိုင်းအနီး)

ဆက်သွယ်ရန် -

မြတ်လှိုင်	ဖုန်း-၀၉-၅၀-၀၄၄၆၇	ခိုင်စိုး	ဖုန်း-၀၉-၅၀-၁၇၆၉၅
သိန်းထွန်း(တရုတ်ကြီး)	ဖုန်း-၀၉-၅၁-၇၅၉၁၇	ဆွေလင်း(ငုံး၃)	ဖုန်း-၀၉-၅၁-၇၀၅၀၀
သန့်ဇင်(ပင်ပေါင်)	ဖုန်း-၀၉-၅၀-၀၄၃၉၇	လှမော်	ဖုန်း-၀၉-၅၀-၀၈၈၃၀
မွှင့်သွယ်ဝင်း	ဖုန်း-၀၉-၅၀-၅၇၆၀၂	ဝင်းမြင့်	ဖုန်း-၀၉-၅၁-၂၈၇၅၅
သိန်းစိုး	ဖုန်း-၀၁-၇၀၇၇၃၆	ဆွေသန်းမောင်	ဖုန်း-၀၉-၅၁-၂၈၂၉၂
ဝင်းဇော်ရှိန်(ဆူပါကြီး)	ဖုန်း-၀၉-၉၉-၇၀၆၇၅	ဂါဂါနီသန်းလှိုင်	ဖုန်း-၀၉-၉၉-၂၄၄၉၃

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး ခြေစမ်းပွဲ တတိယပွဲစဉ် ယှဉ်ပြိုင်ကစား

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး လူရွေးခြေစမ်းပွဲ တတိယပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ ပထမလက်ရွေးစင်(စ)အသင်းက ပထမလက်ရွေးစင်(င)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပါတယ်။

ပထမလက်ရွေးစင်(စ) ငါးဂိုး။
ပထမလက်ရွေးစင်(င) ဂိုးမရှိ။

နှစ်သင်းစလုံးမှာ လက်ရွေးစင်ကစားသမားတွေနဲ့ လူသစ် ကစားသမားတွေကို မျှပြီး ပွဲထုတ်ခဲ့ပေမယ့် ပထမလက်ရွေးစင် (စ) အသင်းက ဂိုးသွင်းသေချာတာကြောင့် အခုလို ဂိုးပြတ်အနိုင်ရရှိသွားတာဖြစ်ပါတယ်။ ပထမလက်ရွေးစင်(စ)အသင်း ဂိုးပြတ်အနိုင်ရခဲ့ရာမှာ အဓိကခြေစွမ်းပြခဲ့တာက ကွင်းလယ်က ထွန်းထွန်းဝင်းနဲ့ တောင်ပံကစားသမားတွေဖြစ်တဲ့ ပိုင်စိုးနဲ့ ဘိုဘိုအောင်တို့ပဲဖြစ်ပါတယ်။ လူရွေးပွဲ ဒုတိယပွဲတုန်းက ဂိုးသွင်းစွမ်းရည်ပျောက်ပြီး ဂိုးမရှိသရေကျခဲ့ပေမယ့် အခုပွဲမှာတော့ ဂိုးပြတ်သွင်းခဲ့လို့ လက်ရွေးစင် တိုက်စစ်ပိုင်းအတွက် ကျေနပ်စရာပါပဲ။

ဦးဆောင်

ပထမလက်ရွေးစင် (စ) အသင်းမှာ ထွန်းထွန်းဝင်း၊ ပိုင်စိုး၊ ဘိုဘိုအောင်၊ ဝင်းမင်းထွဋ်၊ စိုးမင်းဦး၊ စည်သူသန်းတို့ ပါဝင်ကြသလို ပထမလက်ရွေးစင်(င) အသင်းမှာလည်း အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ ပြည့်ဖြိုးဦး၊မျိုးမင်းထွန်း၊ ခင်မောင်လွင်၊ စိုးသီဟအောင်တို့ ပါဝင်ကစားခဲ့ကြပါတယ်။ ခြေအရကွာခြားမှုသိပ်မရှိပေမယ့် ပထမလက်ရွေးစင်(စ)အသင်းက ကွင်းလယ်ဖန်တီးမှုအပိုင်းနဲ့ အဆုံးသတ်သေချာခဲ့လို့ ဂိုးတွေ ရခဲ့ပါတယ်။ ၂၂မိနစ်မှာ ထွန်းထွန်းဝင်းက ပယ်နယ်တီမှတစ်ဆင့် ပထမ(စ) အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဂိုးရသွားလို့ ပထမ(စ)အသင်း ပိုဖိနိုင်ခဲ့ပြီး ၃၃မိနစ်မှာ ဘယ်တောင်ပံကစားသမား ပိုင်စိုးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့လို့ ပထမပိုင်းအပြီးမှာ ပထမလက်ရွေးစင်(စ) အသင်းက နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံး လူအပြောင်းအလဲတွေ လုပ်ခဲ့ပါတယ်။ ပထမလက်ရွေးစင်(စ) အသင်းမှာ ဇော်ထက်အောင် ပါလာလို့ ကွင်းလယ်ကစားကွက် ပိုကောင်းခဲ့ပြီး အနိုင်ဂိုးတွေ ထပ်ရခဲ့ပါတယ်။ ၅၃မိနစ်မှာ ပိုင်စိုးက အဝေးကနေ အမှတ်မထင်လှည့်ကန်ပြီး တတိယဂိုးကို လည်းကောင်း၊ ၅၆မိနစ်မှာ ကောင်းမြတ်ဦးပေးတာမှ တစ်ဆင့် တိုက်စစ်မှူးခိုင်ဇော်ထွန်းက စတုတ္ထဂိုးကိုလည်းကောင်း သွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ပထမလက်ရွေးစင်(င)အသင်း ချေပဂိုးရနိုင်တဲ့ အခွင့်အရေးတွေရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ စိုးသီဟအောင်၊ အောင်ကျော်မျိုး၊ စိုးမင်းနိုင်နဲ့ အောင်မျိုးသန့်တို့ လွဲချော်ခဲ့ကြလို့ ပထမ(င)အသင်း နှစ်သိမ့်ဂိုးတောင် မရခဲ့ပါဘူး။ ပထမလက်ရွေးစင်(စ) အသင်းအတွက် ပွဲသိမ်းဂိုးကိုတော့ ၇၅မိနစ်မှာ ဘိုဘိုအောင် ပေးတာမှ တစ်ဆင့် ထွန်းထွန်းဝင်းက ပိတ်သွင်းယူခဲ့ပါတယ်။

AFC Challenge Cup ပြိုင်ပွဲဝင်မယ့် မြန်မာ့လက်ရွေးစင်အသင်းကိုရွေးချယ်ဖွဲ့စည်းဖို့အတွက် လူရွေးပွဲ သုံးပွဲအပြီးမှာ ပထမကစားသမား ၃၀ ကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

ပါဝင်ကစား

ပထမ လက်ရွေးစင် (စ) အသင်းမှာ **(ဂိုး)** ဇော်မိုးထက် (မျိုးကျော်အောင်)၊ **(နောက်တန်း)** ကျော်ကျော်မျိုး၊ ဝင်းမင်းထွန်း၊ အောင်သိုက် (ဇော်မျိုးထွန်း)၊ ကောင်းမြတ်ဦး (အောင်ကျော်ဦး)၊ **(အလယ်တန်း)** တင်ဝင်းအောင် (ဇော်ထက်အောင်)၊ ဘိုဘိုအောင်၊ ထွန်းထွန်းဝင်း (ကျော်ဌေးဦး)၊ ပိုင်စိုး (အောင်မိုး)၊ **(ရှေ့တန်း)** စိုးမင်းဦး(ထူးကျော်)နဲ့ စည်သူသန်း (ခိုင်ဇော်ထွန်း)တို့ ပါဝင်ကစားခဲ့ကြပါတယ်။ ပထမလက်ရွေးစင်(င)အသင်းမှာ **(ဂိုး)** ကျော်ဇင်ထက် (ဟိန်းကျော်သူ)၊ **(နောက်တန်း)** မျိုးဇော်ထွန်း၊ မျိုးဝင်းထွဋ်၊ ဇော်ဇော်ဦး (အေးဆန်း)၊ ခင်မောင်လွင် (ကျော်ဇေယျာဝင်း)၊ **(အလယ်တန်း)** အောင်မျိုးသန့် (ထွန်းလင်းအောင်)၊ မျိုးမင်းထွန်း (တင်ဇော်မိုး)၊ စိုးသီဟအောင်၊ စိုးမင်းနိုင်၊ **(ရှေ့တန်း)** ပြည့်ဖြိုးဦး(အောင်ကျော်မျိုး)နဲ့ ရာဇာဝင်းသိန်း (နေဇော်ထက်)တို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

ပထမလက်ရွေးစင်(င)အသင်းမှ အောင်ကျော်မျိုး၏ ထိုးဖောက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို ပထမလက်ရွေးစင်(စ) နောက်ခံလူများနှင့် ဂိုးသမား မျိုးကျော်အောင်တို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် မတ်လအတွက်

၈-၃-၂၀၀၉ ရက်နေ့ နှင့် ၂၉-၃-၂၀၀၉ ရက်နေ့



Kaung Myat Myanmar Amateur Open Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Centre)က အဓိက ကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို မတ် ၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(တည်းကုန်း)၌ ကျင်းပသည်။

ဦးဆောင်နေ

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ချက်ဖြင့် ဒုတိယ၊ ဘိုဘိုက နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၆ချက်ဖြင့် တတိယ၊ ဌေးအောင်ဌေးက နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၇ချက်ဖြင့် စတုတ္ထနှင့် ကျော်လှိုင်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၈ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co.,Ltd. နှင့် Air Bagan Ltd.တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆု

တာမွေမြို့နယ် အမက(၆) ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပရာ ပထမတန်းမှ ပထမဆုရ မရွှန်းလဲ့ဝန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀-၀၄၀၃၃၊

Open (7:00 AM to 9:00 PM) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင် ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်းသက်သေခံ အောင်လက်မှတ်ထုတ်ပေးမည်။
- သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။ သင်တန်းအပ် လက်ခံနေပြီ။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ဦးသာ သတ်မှတ်ထားသည်။

နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်တည်းသာ)

အပတ်စဉ် (၇၄၄) ၁၄-၃-၂၀၀၉ရက် စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ် (၇၄၅) ၁၆-၃-၂၀၀၉ရက် စမည်။ တနင်္လာနှင့် အင်္ဂါ
အပတ်စဉ် (၇၄၆) ၁၉-၃-၂၀၀၉ရက် စမည်။ ကြာသပတေးနှင့် သောကြာ
Section (1) 09:00 AM to 12:00 PM
Section (2) 01:30 PM to 04:30 PM
Section (3) 06:00 PM to 08:00 PM

သုံးလပြတ် အထူးသင်တန်း (တစ်ပတ်တစ်ရက်တည်းသာ)

အပတ်စဉ် (၇၄၇) ၁၅-၃-၂၀၀၉ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ
Section (1) 09:00 AM to 12:00 PM
Section (2) 01:30 PM to 04:30 PM
Section (3) 06:00 PM to 08:00 PM

(၁၀)ရက်အပြီး အထူးသင်တန်း

အပတ်စဉ် (၇၄၈) ၁၈-၃-၂၀၀၉ရက်မှ ၂၇-၃-၂၀၀၉ရက် အထိ။
09:00 AM to 04:30 PM

တစ်လပြတ် အထူးသင်တန်းများ(တစ်ပတ် ငါးရက်)

အပတ်စဉ် (၇၄၉) ၁၆-၃-၂၀၀၉ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
အပတ်စဉ် (၇၅၀) ၁၉-၃-၂၀၀၉ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
Section (1) 09:00 AM to 12:00 PM
Section (2) 01:30 PM to 04:30 PM
Section (3) 06:00 PM to 08:00 PM

ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော အောင်ဝင်း(သစ်တော)၏ ရိုက်ဟန်။ (ဂေါက်သီးအဖွဲ့ချုပ်)

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က NLD ဌာနချုပ်သို့ ဖေဖော်ဝါရီလအတွင်း(၂၁)ကြိမ်ဝင်ထွက်ခဲ့

ရန်ကုန် မတ် ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ် သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂၁)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အာကာသသိပ္ပံ

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ရေများစီးဆင်းခဲ့ကြောင်း နာဆာသုတေသနပညာရှင်များ ထုတ်ဖော်



အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်က ရေများစီးဆင်းခဲ့သည့် အထောက်အထား တွေ့ရှိရကြောင်း နာဆာသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ယပ်တောင်သဖွယ်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ရိုက်ကူးပေးပို့ချက်အရ အင်္ဂါဂြိုဟ်မျက်နှာပြင် တစ်နေရာ၌ ရေစီးဆင်းခဲ့သောနေရာနှင့် ယပ်တောင်သဖွယ်ဖြစ်နေသည့် ပုံသဏ္ဌာန် မျက်နှာပြင်အနေအထား တစ်ခုကို တွေ့ရှိရသည်ဟုဆိုသည်။ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ပေးပို့သောဓာတ်ပုံအရ လွန်ခဲ့သည့်နှစ်ပေါင်း ၁ ဒသမ ၂၅ သန်းခန့်က အင်္ဂါဂြိုဟ်ပေါ်၌ ရေများစီးဆင်းခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။ ထိုသို့ ရေများ စီးဆင်းခဲ့သလို ရေခဲမြစ်များသဖွယ်တည်ရှိခဲ့မှု အနေအထားကိုလည်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာမှုပြုရာတွင် ခိုင်လုံသောအထောက်အထား ရှာဖွေမှုမှာ ခက်ခဲကြောင်း သိရသည်။

အထောက်အထား

ယခုတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်ပေါ်တွင် ရေများစီးဆင်းဖြစ်တည်ခဲ့သည်ကို ခိုင်လုံသော အထောက်အထားတစ်ရပ်သဖွယ် တွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက် ပြောကြားသည်။

(အင်တာနက်)

ဘဝဒဿန

■ ***Able man shows his spirit by gentle words and resolute actions, An.***

● *အရည်အချင်းရှိသောသူသည် ၎င်း၏စိတ်ဓာတ်ကို နူးညံ့သိမ်မွေ့သော စကားလုံးများဖြင့်သာမက ခွဲကောင်းကောင်းနှင့် မလျှော့စတမ်း ပြုလုပ်တတ်သော လုပ်ဆောင်မှုများဖြင့်ပါ ပြသသည်။*

ဖိလ်စ်ဒိုမာစတန်းဟုပ်(ပ်)ချက်စတာဖီးလ်

(အင်္ဂလိပ်လူမျိုးစာရေးဆရာနှင့် နိုင်ငံရေးသမား)

သက်တမ်းအရှည်ဆုံး ဇနီးမောင်နှံ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် နေထိုင်သော ဟာဘတ်နှင့်ဇီလ်မိုင်ရာ ဖစ်ရှာအမည်ရှိ ဇနီးမောင်နှံနှစ်ဦး၏ လက်ထပ်နှစ်မှာ လက်ရှိအချိန်အထိ (၈၄)နှစ်ရှိပြီဖြစ်ရာ ကမ္ဘာပေါ်၌ သက်ရှိထင်ရှား လက်ထပ်နှစ် အရှည်ကြာဆုံး ဇနီးမောင်နှံအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်ဓာတ်ပုံ)**

ဘဝအမောပြေ

ဒါကြောင့်ပါ....

နာမည်ကြီးအဆိုတော်တစ်ဦးအား လွန်ခဲ့သည့်နှစ်က ငှားရမ်းပြီး ဖျော်ဖြေပွဲတစ်ပွဲ ပြုလုပ်ခဲ့သူတစ်ဦးက ထပ်မံ ငှားရမ်းပြန်လေသည်။

ပွဲစီစဉ်သူ ။ ။ ဒီနှစ်လဲ ဖျော်ဖြေရေးပွဲလုပ်ဦးမယ်။

အဆိုတော် ။ ။ ကောင်းတာပေါ့။

ပွဲစီစဉ်သူ ။ ။ တစ်ကိုယ်တော်ပွဲပဲ စီစဉ်မလို့ စိတ်ကူးထားတယ်။

အဆိုတော် ။ ။ ကောင်းတာပါပဲ။

ပွဲစီစဉ်သူ ။ ။ ဒီနှစ်တော့ နေရာပြောင်းပြီး ကျင်းပမယ်လို့ စီစဉ်ထားတယ်။

အဆိုတော် ။ ။ ဘာဖြစ်လို့လဲ၊ လူကြီးမင်းတို့မြို့လည်း မနှစ်ကပွဲမှာ လူပြည့်တာ မဟုတ်လား။

ပွဲစီစဉ်သူ ။ ။ ကျွန်တော်တို့မြို့က ပရိသတ်တွေက အကြောင်းသိသွားပြီဆိုတော့ လူဝင်မှာမဟုတ်တော့ဘူး၊ ဒါကြောင့်နေရာပြောင်းပြီး ကျင်းပတာပါ။

အဆိုတော် ။ ။ "ဗျာ"

ကမ္ဘာ့အကြီးဆုံးစာအုပ်

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သားတစ်ဦးက အကျယ် ၃ဒသမ၈၅မီတာနှင့် အထူ၂ဒသမ၇၇မီတာရှိပြီး အလေးချိန် ၁၀၆၀ ကီလိုဂရမ်ရှိသော စာအုပ်ကြီးတစ်အုပ်ကို ပြုစုခဲ့သည်။ ထိုစာအုပ်ကြီးကို ၁၉၉၁ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ အချိန်ယူပြုစုခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

နှစ်လ ရာသီ အလီလီ ပြောင်းလဲခဲ့ပါသော်လည်း....

နိုင်ငံတကာမှုခင်း

လွန်ခဲ့သော ရှစ်နှစ်ဖြစ်သည့် ၂၀၀၁ ခုနှစ်၏ နွေရာသီ နေ့တစ်နေ့သည် ရာသီဥတုကြည်လင် သာယာလှပသော နေ့တစ်နေ့ ဖြစ်သည်။ အတိအကျဆိုရသော် မေလ ၁ရက်နေ့ ဖြစ်သည်။ ထိုနေ့ နံနက်ပိုင်းသည် နွေဥတု နံနက်ခင်းနှင့် လျော်ညီစွာပင် ကောင်းကင်တွင် မြူတိမ်ကင်းစင်ကာ အပြာရောင်ကမ္ဘာလာကို လွှမ်းခြုံထားသည်။ သတ္တလောကတစ်ခွင်လုံး ကြည့်လေ မြင်လေရာတွင် ရှင်းသန့်တောက်ပနေပေသည်။

ကြည်လင်လန်းဆန်း

ထိုသို့သော နံနက်စောစော အချိန်အခါတွင် အမေရိကန်နိုင်ငံ၏ မြို့တော်ဝါရှင်တန်ဒီစီ၏ အထင်ကရ အမျိုးသားပန်းဥယျာဉ်ကြီးအတွင်း၌ အသက်၂၀ ကျော် အစိတ်အပိုင်းခန့်ရှိသော မိန်းမချောလေးတစ်ဦး ခပ်ဖွဖွ ပြေးလျှောက် နည်းဖြင့် ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်လျက်ရှိသည်။ သူမမှာ အကျပ်အတည်းတစ်ခုမှ လွတ်မြောက်လာဟန်ရှိပြီး မိုးဆမ်းပန်းသို့ ကြည်လင် လန်းဆန်းနေပေသည်။ နံနက်စောစောဖြစ်သဖြင့် ပန်းဥယျာဉ်ကြီးအတွင်း၌ အပန်းဖြေသူများများစားစား မရှိလှပေ။ အပန်းဖြေသူ လူအချို့သာ ဟိုတစ်စု၊ သည်တစ်စုဖြင့် လူခပ်ပါးပါးသာ ရှိနေကြသည်။

လွတ်မြောက်ကာစ

အဆိုပါ မိန်းကလေးအား ထိုနေ့တွင် နောက်ဆုံးတွေ့မြင်ရခြင်းဖြစ်ပြီး ထိုအချိန်မှ စ၍ သာယာနာပျော်ဖွယ်ကောင်းသော လောကကြီးမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့သည်။ ထိုသို့ ၎င်းမိန်းကလေး ပျောက်ဆုံးသွားပြီးမှသာ သူမသည် အသက် ၂၄နှစ်အရွယ်ရှိ

ချန်ဒရာ လီဗီ **(အပေါ်ပုံ)**ဆိုသူ အမျိုးသမီးလေးဖြစ်ပြီး နိုင်ငံရေးအရ ထိန်းသိမ်းခံထားခဲ့ရရာမှ လွတ်မြောက်ကာစ အမျိုးသမီးလေး ဖြစ်ကြောင်း သိရသည်။

ရိုက်ခတ်

ချန်ဒရာ လီဗီ၏ ပဟေဠိဆန်သည့် ထူးခြားဆန်းပြားလှသော ပျောက်ဆုံးမှုသည် အမေရိကန်တစ်နိုင်ငံလုံးကို ရိုက်ခတ်သွားစေခဲ့သည်။ ထိုစဉ်က သူမ ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတို့က အမျိုးမျိုး စုံစမ်းထောက်လှမ်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပါသော်လည်း သဲလွန်စ တစ်စုံတစ်ရာ မရရှိဘဲ လိပ်ခဲတည်းလည်းဖြင့် မတင်မကျ အခြေအနေတွင်သာ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ရသည်။

စိတ်အားထက်သန်

ချန်ဒရာလီဗီ ပျောက်ဆုံးပြီး ရှစ်နှစ်ခန့် ကာလဖြစ်သည့် ဖေဖော်ဝါရီ ၂၀ရက်တွင်မူ ကိုလံဘီယာခရိုင် ရဲအကြီးအကဲ ကက်သီလာနီယာက ချန်ဒရာ လီဗီ၏ မိဘနှစ်ပါးဖြစ်သည့် ဘော့ဘ်လီဗီနှင့် ဆူးလီဗီတို့အား မကြာမီရက်များအတွင်း ၎င်းတို့၏ သမီးအား သတ်သည့်တရားခံကို အမိအရ ဖမ်းဆီးပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးခဲ့သည်။ သမီး ပျောက်ဆုံးသွားမှုအတွက် နေ့စဉ်နှင့်အမျှ ကမ္ဘာပျက်မတတ် ထိခိုက်ခံစားနေခဲ့ရသော မိဘနှစ်ပါးမှာလည်း ယင်းသို့ကြားရခြင်းအတွက် တရားခံအား အမြန်ဆုံး ဖမ်းမိစေရန် စိတ်အားထက်သန်လျက်ရှိကြသည်။

ရှာဖွေတွေ့ရှိ

ချန်ဒရာ ပျောက်ဆုံးပြီး တစ်နှစ်ခန့်အကြာတွင် အမျိုးသားတစ်ဦးသည် ဝါရှင်

တန် အမျိုးသားဥယျာဉ်ကြီးအတွင်းသို့ သူ၏ခွေးတစ်ကောင်နှင့်အတူ လမ်းလျှောက်ထွက်လာစဉ် သူ၏ ခွေးက ကယ်လီဖိုးနီးယားပြည်နယ် မိုဒက်စတိုမြို့သူ ချန်ဒရာ၏ ဦးခေါင်းခွံနှင့် အရိုးများကို ရှာဖွေတွေ့ရှိခဲ့သည်။ ချန်ဒရာသည် မပျောက်ဆုံးမီက အားကစားဝတ်စုံဖြင့် ဖွဖွပြေး ကျန်းမာရေး လေ့ကျင့်ခန်းလုပ်နေခဲ့သဖြင့် ၎င်း၏ အဝတ်အစားများကိုလည်း ပန်းဥယျာဉ်အတွင်းရှိ လျှို အောက်ပိုင်းတွင် ပြန့်ကြဲလျက်ရှိသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုသို့ ရှာဖွေတွေ့ရှိစဉ် ချန်ဒရာ၏ အရိုးစုများဟု မသိရှိခင်က မည်သူ မည်ဝါဖြစ်သည်ကို ရှာဖွေလေ့လာ စုံစမ်းထောက်လှမ်းမှုပြုပြီး သက်သေများကို ရှာဖွေလျက် ရှစ်နှစ်တာကာလခန့်ကြာသည့် ၂၀၀၉ခုနှစ်အတွင်းသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ချန်ဒရာ လီဗီမှန်း သိရှိပြီးနောက်တွင်မှသာ သူမ၏ မိဘများဖြစ်သည့် ဘော့ဘ်လီဗီနှင့် ဆူးလီဗီ တို့အား အထက်ပါအတိုင်း အကြောင်းကြားနိုင်ခဲ့ခြင်းဖြစ်သည်။

ကျခံ

စုံစမ်းစစ်ဆေးမှုများအရ ချန်ဒရာ၏ အသက်ဇီဝိန်ကို ခြွေခဲ့သူမှာ အသက် ၂၇နှစ် အရွယ်ရှိ အင်ဂမာဂွမ်ဒီကူဆိုသူ လူငယ်တစ်ဦး ဖြစ်သည်။ ဂွမ်ဒီကူသည် ချန်ဒရာ၏ အရိုးစုများကို တွေ့ရှိခဲ့ရာ ဝါရှင်တန် အမျိုးသားဥယျာဉ်ကြီးအတွင်း၌ပင် အမျိုးသမီး နှစ်ဦးအား သတ်ခဲ့မှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံနေခဲ့ရသူဖြစ်သည်။

လွတ်မြောက်

ချန်ဒရာ သေဆုံးမှုနှင့် ပတ်သက်ပြီး ပြစ်မှု လုံးဝကျူးလွန်ခြင်းမရှိဘဲ ထိခိုက်နစ်နာခဲ့ရသူမှာ ကယ်လီဖိုးနီးယားပြည်နယ် ပါတီတစ်ခုမှ ပါတီအကြီးအကဲဖြစ်သူ ဂါရီကွန်ဒစ်ဆိုသူ ဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကွန်ဒစ်မှာ ကျေနပ်လောက်အောင် မေးမြန်းစစ်ဆေးမှုကို ခံယူပြီးမှသာ ယင်းပြစ်မှု ကွန်ရက်မှ လွတ်မြောက်ခဲ့ရသည်။ သို့သော်လည်း ယင်းပြစ်မှုကို မကျူးလွန်ကြောင်း စစ်ဆေး သိရှိရပြီးနောက်ပိုင်းတွင် ကွန်ဒစ်သည် လူထုထောက်ခံအားပေးမှု လျော့နည်း သွားခဲ့ပြီး သူ၏ အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာ ညှိုးနွမ်းခဲ့ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဂါရီကွန်ဒစ်သည် တစ်ချိန်က ချန်ဒရာ လီဗီနှင့် ခင်မင်ရင်းနှီးစွာ နေထိုင်ဆက်ဆံခဲ့ခြင်းကြောင့် ဖြစ်သည်။

အခိုင်အမာ

သက်ဆိုင်ရာတို့က ချန်ဒရာ၏ အရိုးစုကို တွေ့ရှိခဲ့သူအား မေးမြန်းစစ်ဆေးခဲ့သည်။ ထို့အပြင် ဂွမ်ဒီကူက ချန်ဒရာအား သတ်သည်ဟု ၎င်းတို့အား ပြောကြားခဲ့ကြောင်း အခိုင်အမာ သက်သေထွက်ဆိုနိုင်သူ နှစ်ဦးကိုလည်း မေးမြန်းခဲ့သည်။ ၎င်းအပြင် ဂွမ်ဒီကူ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသူ နှစ်ဦး၏ အမှုမှ သက်သေများကိုလည်း စစ်ဆေးခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတွင် ဂွမ်ဒီကူသည် ချန်ဒရာအား သတ်မိကြောင်း၊ တောအုပ်ထူထပ်ရာနေရာ၌ လည်ပင်း ညှစ်သတ်ခဲ့သဖြင့် လူမသိ သူမသိဖြစ်ရကြောင်း ထုတ်ဖော် ဝန်ခံခဲ့ရတော့သည်။ ယင်းပြစ်မှု ထင်ရှားပါက ၎င်းသည် အနည်းဆုံး ထောင်ဒဏ် နှစ် ၆၀ ကျခံရမည်ဖြစ်သည်။

ယခု ဖြစ်ရပ်တွင် ဂွမ်ဒီကူသည် အမျိုးသမီးနှစ်ဦးအား သတ်ဖြတ်မှုဖြင့် ထောင်ဒဏ်ကျခံ၍မှ မပြီးဆုံးသေးခင်တွင် ယင်းပြစ်မှုအတွက် နောင်တမရဘဲ နောက်ထပ် ပြစ်မှုကျူးလွန်ခဲ့သည်။ ထို့အပြင် ထပ်မံ ကျူးလွန်သော ပြစ်မှုတွင် မျက်မြင်သက်သေမရှိသဖြင့် နှစ်လရာသီ အလီလီ ပြောင်းလဲခဲ့သည်အထိ ပြစ်မှုမှ လွတ်မြောက်ခဲ့ပါသော်လည်း အချိန်တန်သောအခါ အမှန်တရား ပေါ်ပေါက်ပြီး ပြစ်မှုမှ မလွတ်မြောက်နိုင်သော အင်ဂမာဂွမ်ဒီကူ၏ ဖြစ်အင်ကို သင်ခန်းစာယူဖွယ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်။

ချန်ဒရာ လီဗီ၏ ပဟေဠိဆန်သည့် ထူးခြားဆန်းပြားလှသော ပျောက်ဆုံးမှုသည် အမေရိကန်တစ်နိုင်ငံလုံးကို ရိုက်ခတ်သွားစေခဲ့၊ ထိုစဉ်က သူမပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတို့က အမျိုးမျိုး စုံစမ်းထောက်လှမ်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပါသော်လည်း သဲလွန်စ တစ်စုံတစ်ရာမရရှိဘဲ လိပ်ခဲတည်းလည်းဖြင့် မတင်မကျ အခြေအနေတွင်သာ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့။

၂၀၀၈-၂၀၀၉ ပညာသင်နှစ် မုံရွာ စီးပွားရေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မုံရွာ မတ် ၃

၂၀၀၈-၂၀၀၉ ပညာသင်နှစ် မုံရွာ စီးပွားရေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် ညနေ ၄ နာရီက အဆိုပါ တက္ကသိုလ်အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် (ပူးတွဲတာဝန်) ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မုံရွာစီးပွားရေးတက္ကသိုလ် ဘောလုံးပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌ အသုံးချဘောဂဗေဒဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဦးသိန်းနိုင်က ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်သည်များကို မှာကြားသည်။

ပေးအပ်

ဆက်လက်၍ ယခင်နှစ် မုံရွာစီးပွားရေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဝါဏိဇ္ဇဗေဒ စာရင်းကိုင်ပညာအသင်းမှ တံခွန်စိုက်ဒိုင်းကြီးကို မုံရွာစီးပွားရေးတက္ကသိုလ် ဘောလုံးပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်ထံ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ငါးသင်းမှ အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယှဉ်ပြိုင်

ဖွင့်ပွဲတွင် မုံရွာစီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဗေဒအသင်းနှင့် ပထမနှစ် (က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေဖြစ်ပြီး အထူးပြုဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစကြို အထက ဗလဗကျောင်း အာစရိယပူဇော်

ရေစကြို ဖေဖော်ဝါရီ ၁၄

ရေစကြိုမြို့နယ် အထက ဗလဗကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၄၀ တက်ရောက်ကြပြီး ကျောင်းသားကျောင်းသူဟောင်း ၅၀၀ ကျော်က စုံညီစွာကန်တော့ကြသည်။ **(အပေါ်ပုံ)**

အထက ဗလဗကျောင်း၏ အာစရိယပူဇော်ပွဲကို နှစ်စဉ်မပြတ်ကျင်းပမည်ဖြစ်ရာ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ပညာရေး)**

လျှပ်စစ်အင်ဂျင်နီယာ ရုံးသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော်လယ်ဝေး မတ် ၃

နေပြည်တော်ခရိုင်နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိ လျှပ်စစ်အင်ဂျင်နီယာ ရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၇နာရီက သာဝတ္ထိအင်းသာရပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (စီမံ) ဦးအေးသောင်း၊ အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဒေါ်စန်းစန်းဝင်း၊ အင်ဂျင်နီယာချုပ် (ထောက်/ကူ) ဦးချိုအေး၊ နေပြည်တော်တိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်အောင်၊ နေပြည်တော် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်နှင့် သာဝတ္ထိ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ သာဝတ္ထိမြို့ လျှပ်စစ်အင်ဂျင်နီယာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **(ဝစ၃)**

စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ကွယ်လွန်သူစာပေပညာရှင်အတွက် လှူဒါန်းငွေပေးအပ်

သီပေါ ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပခဲ့သည့် ၁၃၇၀ ပြည့်နှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ကျန်းမာရေးအခြေအနေအရ မတက်ရောက်နိုင်ဘဲ ကွယ်လွန်သွားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ သက်ကြီးစာပေပညာရှင်ဆရာကြီးဦးညွန့်ဖေလေး (ညွန့်ဖေလေး-သီပေါ)အတွက် လှူဒါန်းငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းက သီပေါမြို့ အနောက်ရပ်ကွက်၊ အမှတ်၁၀၉နေအိမ်၌ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမောင်လတ် (သီပေါကိုလတ်)က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၃၀၀၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က လှူဒါန်းငွေကျပ်တစ်သိန်း၊ နာရေးထောက်ပံ့ငွေကျပ် ၂၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀နှင့် ကန်တော့ခံပစ္စည်းများကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ကိုယ်စား ပေးအပ်လှူဒါန်းရာ သက်ကြီးစာပေပညာရှင် ဦးညွန့်ဖေလေး၏သမီး မနန်းကြည်ကြည်ညွန့်က လက်ခံရယူသည်။ **(အောက်ပုံ)** **(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဇီးကုန်း-သပြေစိန် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၃ရက်ကကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်နှင့် မြို့ပြ ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် ဟုမ္မလင်းမြို့ မှန်ပင်-ရေလဲ ကျေးလက်လမ်းပေါ်ရှိ အရှည် ၁၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ပေ ၃၀သစ်သားတံတား တည်ဆောက်ပြုပြင်ခြင်းကို ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



စဉ့်ကူးမြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

စဉ့်ကူး ဖေဖော်ဝါရီ ၂၂

စဉ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာတွင် အသက်ငါးနှစ်အောက် ကလေးများအား အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့်တစ်ပါတည်းအားဖြည့် ဗီတာမင်အေ တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ရက် နံနက် ၇နာရီက အဆိုပါကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးတင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ခံဆရာမဒေါ်ခင်နွယ်အေးတို့က ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးပေးကြသည်။

ကာကွယ်ဆေးတိုက်ကျွေး

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးရာ၌ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျေးရွာအုပ်စုအတွင်း နှစ်နေရာခွဲ၍ ကာကွယ်ဆေးများ တိုက်ကျွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြ(ငွေလုံး) လမ်းလုပ်ငန်းဖြစ်သည့် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် ဆန်ဆိုင်း ၁၃လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရတနာပုံတံတားလမ်း တိုးချဲ့ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းမြို့ ရတနာပုံတံတားလမ်း ကားကြီးကွင်းအဝင် တံတားတိုးချဲ့ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်က စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ရွှေမြို့နယ် ကျေးရွာအုပ်စုများအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြော

ညောင်ရွှေ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီခွဲက သလဲဦး ကျေးရွာအုပ်စု အလယ်မြောင်းကျေးရွာတွင် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲက ပုံ့မူ ကျေးရွာအုပ်စု သပြေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဟောပြောဆွေးနွေးကြသည်။

ရှေးဦးစွာ သလဲဦးကျေးရွာအုပ်စု အလယ်မြောင်းကျေးရွာတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက ကျေးရွာရှိ ပွင့်ဦးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းများ ဆွေးနွေးသည်။ ဆက်လက်၍ ပုံ့မူ ကျေးရွာအုပ်စု သပြေကုန်းရွာဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ၂၄ရွာမှ တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံ၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆွေးနွေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ချယ်ရီလမ်း ကျောက်ချောခင်းခြင်းကို ဖေဖော်ဝါရီ ၂၃ရက်က ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးတို့ လမ်းခင်းနေမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

မတ် ၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်း - ရွှေဖုံး) (သတင်းစဉ်)

နေ့ဆွမ်း ဆက်ကပ် လှူဒါန်း

မတ် ၆ ရက်က နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်း - ရွှေဖုံး)
(သတင်းစဉ်)